http://www.dhammadownload.com

## ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

- ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မှချသိရမည်။ (စည်)
- သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။ (စည်)

- အာ ဥ ဘောဇ၊ ပုဂ္ဂလနှင့်၊ သဝနပါ။
ဤငါးဖြာ၊ ကောင်းစွာသင့်လုသပ္ပါယ။

"အာ"က အာဝါသသပ္ပါယ = သင့်လျော်သော ကျောင်းအိပ်ရာနေရာ။

"ဥ"က ဥတုသပ္ပါယ = အအေးအပူဥတု မျှတသည့် အရပ်ဒေသ။

"ဘောဇ"က ဘောဇနသပ္ပါယ = သင့်လျော်သော အာဟာရ ဘောဇဉ်။

"ပုဂ္ဂလ"က ပုဂ္ဂလသပ္ပါယ = အတူတကွ အားထုတ်ဖက် သင့်လျော်သော ပုဂ္ဂိုလ်။

"သဝန"က ဓမ္မသဝနသပ္ပါယ= သင့်လျော်သော တရားကို နာရခြင်း။

မကြားဖူးကြား၊ ကြားဖူးစင်ကြယ်၊
ယုံမှားဖွယ်ပျောက်၊ အယူဖြောင့်သူ၊
စိတ်ကြည်ဖြူပါ၊ တရားနာ၊ ငါးဖြာအကျိုးရသတည်း။

၁၃၈၁

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

# သပ္ပါယတရားငါးပါး

# တရားတော်

ဒုတိယအကြိမ်

သာသနာ- ၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၇

http://www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## သဒ္ဓမ္မရံသီရိပ်သာဆရာတော်

## အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော


# သပ္ပါယတရားငါးပါး

# တရားတော်

ဒုတိယအကြိမ်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၇

http://www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

http://www.dhammadownload.com

## ပုံနှိပ်မှတ်တမ်း


**ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်**
၃၂၀၆၄၃၀၆၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၂၀၆၃၃၀၆၁၀

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်

အုပ်ရေ – ၃၀၀၀

တန်ဖိုး –

**ပုံနှိပ်ပြီးသည့်လ**
ဖေဖော်ဝါရီ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးသိန်းထွန်း (၀၄၇၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒု-ဗိုလ်မှူးကြီး တင်အောင် (လေ-အငြိမ်းစား)၊ (၀၃၃၆၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဖေယျာခေမာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

http://www.dhammadownload.com

# သပ္ပါယတရားငါးပါး တရားတော်

ဒီနေ့ ၁၃၅၅-ခု ဝါခေါင်လကွယ်နေ့ ဖြစ်တယ်။ ဝါခေါင်လကွယ်နေ့ နံနက်ပိုင်းမှာ ဟောကြားရမယ့် တရားတော်က သပ္ပါယတရားငါးပါး ဖြစ်ပါတယ်။ အဋ္ဌကထာဆရာများ ဖွင့်ပြထားတဲ့ သပ္ပါယတရားငါးပါးပင် ဖြစ်ပါတယ်။ သပ္ပါယဆိုတာက သင့်လျော်လျောက်ပတ်တာကို သပ္ပါယလို့ ဆိုရပါတယ်။ ဝိပဿနာတရား အားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေ သပ္ပါယတရားငါးပါးကို ရရှိထားကြဖို့ လိုအပ်တယ်။ အဲဒီသပ္ပါယတရားကို အမှီရရှိပြီး ဝိပဿနာတရား အားထုတ်မယ်ဆိုလို့ရှိရင် မိမိတို့ရဲ့ ပါရမီအားလျော်စွာ တရားထူးတရားမြတ်တွေ ရသွားနိုင်ကြပါတယ် ဆိုတဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာများ ဖွင့်ပြထားကြပါတယ်။

## သပ္ပါယတရားငါးပါး

၁။ အာဝါသသပ္ပါယ = မိမိနဲ့ သင့်လျော်လျောက်ပတ်တဲ့ ကျောင်းအိပ်ရာနေရာကို ရရှိထားခြင်းဟာလည်း မိမိအတွက် တရားရကြောင်း အထောက်အပံ့ကောင်း တစ်ခု ဖြစ်ပေတယ်။

F 1A

http://www.dhammadownload.com



၂။ ဥတုသပ္ပါယ = အအေးအပူမျှတတဲ့ ဥတုကို ရရှိထားတာလည်း မိမိအတွက် တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေတယ်။

၃။ ဘောဇနသပ္ပါယ = မိမိနဲ့သင့်လျော်တဲ့ အာဟာရ ဘောဇဉ်တွေကို မှီဝဲရတာလည်း မိမိအတွက် တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေတယ်။

၄။ ပုဂ္ဂလသပ္ပါယ = ဝိပဿနာတရား အားထုတ်နေတဲ့ အခါမှာ မိမိနဲ့သင့်လျော်တဲ့ စိတ်နေစိတ်ထား သဘောထားချင်းတူတဲ့၊ တရားကို လိုလိုချင်ချင် အားထုတ်တဲ့ ပုဂ္ဂိုလ်များနဲ့ အတူတကွနေထိုင်ပြီး အားထုတ်ရတာလည်း မိမိအတွက် တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေတယ်။

၅။ ဓမ္မဿဝနသပ္ပါယ = ဝိပဿနာတရား အားထုတ်နေတဲ့ အခိုက်အတန့်မှာ မိမိနဲ့သင့်လျော်တဲ့ တရားဓမ္မကို နာကြားရတာလည်း မိမိအတွက် တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေတယ်။

ဤသပ္ပါယတရားငါးပါး အမှီရထားတဲ့ အခိုက်အတန့်မှာ မိမိတရားရဖို့ပဲဟူ၍ နှလုံးသွင်းကာ ဝိပဿနာတရားကို ကြိုးကြိုးစားစား အားထုတ်ဖို့ပါပဲ။ အဲဒါလေးတွေ မှတ်မိထား

http://www.dhammadownload.com



ရအောင် ဆောင်ပုဒ်ကလေး စီထားပါတယ်။ အားလုံး လိုက်ဆို ကြရအောင်။

**ဆောင်ပုဒ်။ ။ အာ ဥ ဘော၀၊ ပုဂ္ဂလနှင့်၊ သ၀နပါ၊ ဤငါးဖြာ၊ ကောင်းစွာသင့်လှသပ္ပါယ။**

## အာ၀ါသသပ္ပါယ၌ နှလုံးသွင်းပုံ

"အာ"က အာ၀ါသသပ္ပါယ = သင့်လျော်တဲ့ ကျောင်း အိပ်ရာနေရာလေးတွေ ရရှိထားတာ မိမိတရားရဖို့ရာ အထောက် အပံ့ကောင်းပဲ။ အဲဒါလေးကိုလည်း အထူးသတိရှိနေရမယ်။ "ဩော် ... သင့်လျော်လျောက်ပတ်တဲ့ ကျောင်းအိပ်ရာနေရာ လေး ရထားတဲ့အခိုက်အတန့်မှာ ကြိုးကြိုးစားစား အားထုတ် မှပဲ။ မိမိကို အထောက်အပံ့ကောင်းပေးထားတာပဲ"ဟု နှလုံး မသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။ ဟုတ်တယ် နှလုံးသွင်းရပါတယ်။

**သေနာသနမ္ပိ ဥပနိဿယ ပစ္စယေနပစ္စယော။**

**သေနာသနမ္ပိ** = ကျောင်းအိပ်ရာနေရာသည်လည်း၊ **ဥပနိဿယပစ္စယေန** = အားကြီးသော ပကတူပနိဿယပစ္စယ သတ္တိဖြင့်၊ **ပစ္စယော ဥပကာရကော** = ကုသိုလ်ဖြစ်အောင် ကျေးဇူးပြုသည် (၀ါ) တရားရအောင် ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂ၀ါ** = မြတ်စွာဘုရားသည်၊

http://www.dhammadownload.com



အဝေါစ = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိမိနဲ့သင့်လျော်တဲ့ ကျောင်းအိပ်ရာနေရာလေးမှာ နေထိုင်ပြီး တရားအားထုတ်ရတာ အဲဒီကျောင်းအိပ်ရာနေရာက ပကာတူပနိဿယသတ္တိ = အားကြီးသောအကြောင်းဖြင့် မိမိ တရားရဖို့ရာ ကျေးဇူးပြုနေတယ်။ ကျေးဇူးပြုနေတယ်လို့သိတော့ ကြိုးကြိုးစားစား အားမထုတ်ရပါဘူးလား ... ကြိုးကြိုးစားစား အားထုတ်ရပါတယ်ဘုရား။

ပြောင်းပြန်အားဖြင့် မိမိနဲ့မသင့်လျော်တဲ့ ကျောင်းအိပ်ရာနေရာတွေကိုသာ ရထားလို့ရှိရင် သမာဓိမဖြစ်ဘူး။ ဘေးရန်အန္တရာယ်တွေက မလုံခြုံလို့၊ မိုးက မလုံခြုံလို့ အဆင်မပြေလို့ရှိရင် စိတ်အနှောင့်အယှက်တွေဖြစ်ကာ ကြောင့်ကြပူပန်မှုတွေ ဖြစ်နေမည် ဖြစ်ပေသည်။ အဲဒီလို ကြောင့်ကြပူပန်မှုတွေ ဖြစ်နေလျှင်၊ စိတ်နှလုံးမသာမယာမှုတွေ ဖြစ်နေလျှင် သမာဓိ မဖြစ်တော့ပေ။ သမာဓိ မဖြစ်လျှင် ဝိပဿနာဉာဏ်လည်း မဖြစ်တော့ပေ။ ဝိပဿနာဉာဏ်မှ မဖြစ်လျှင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့လည်း မရောက်နိုင်တော့ပေ။

ဒါကြောင့် မိမိနဲ့သင့်လျော်သည့် ကျောင်းအိပ်ရာနေရာကလေးကို ရရှိထားသည့် အခိုက်အတန့်မှာ အစွမ်းကုန်

http://www.dhammadownload.com



အားထုတ်မယ်ဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါမယ်ဘုရား။ နှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်း ကုသိုလ်တွေပဲ ရရှိတယ်။ အဲဒီကုသိုလ်တွေက အထောက်အပံ့ကောင်းတွေ ဖြစ်နိုင်ပါတယ်။

## ဥတုသပ္ပါယဠ် နှလုံးသွင်းပုံ

ဥတုသပ္ပါယ = အအေးအပူမျှတတဲ့ ဥတုကို ရရှိထားတာလည်း မိမိအတွက် တရားရဖို့ရာ အကြောင်းအထောက်အပံ့ကောင်းတစ်ခုပဲ ဖြစ်ပါတယ်။

**ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေနပစ္စယော။**

**ဥတုဘောဇနမ္ပိ** = သင့်လျော်လျောက်ပတ်သောဥတု သင့်လျော်လျောက်ပတ်သော ဘောဇဉ်သည်လည်း။ **ဥပနိဿယ ပစ္စယေန** = အားကြီးသော ပကတူပနိဿယပစ္စယသတ္တိဖြင့်၊ **ပစ္စယော ဥပကာရကော** = ကုသိုလ်ဖြစ်အောင်ကျေးဇူးပြုသည် (ဝါ) တရားရအောင် ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

http://www.dhammadownload.com



အအေးအပူမျှတတဲ့ ဥတုရာသီကို အမှီရရှိထားတာလည်း မိမိအတွက် တရားရဖို့ရာ အထောက်အပံ့ကောင်းတစ်ခုပဲဖြစ်တယ်။ အားကြီးသော ပကတူပနိဿယပစ္စည်းဖြင့် ဒီဥတုက ကျေးဇူးပြုနေခြင်းဖြစ်တယ်။ "ဩော် ... ဒီလိုမျှတတဲ့ ဥတုရာသီကို ရရှိထားတာပဲ၊ ကြိုးကြိုးစားစား အစွမ်းကုန် အားထုတ်မှတော်မယ်"ဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။ နှလုံးသွင်းရတယ်။ အအေးအပူမျှတပြီးနေတဲ့ အခိုက်အတန့်ကို သတိရတိုင်း သတိရတိုင်း "ဩော် ... အအေးအပူတွေ မျှတနေတယ်၊ အားထုတ်မှတော်မယ်၊ သင်မမေ့နဲ့ သင်မပျင်းနဲ့"ဟု သတိမပေးရပါဘူးလား ... သတိပေးရပါတယ်ဘုရား။ သတိပေးရပါတယ်။

အားကြီးတဲ့ ပကတူပနိဿယသတ္တိဖြင့် အအေးအပူမျှတတဲ့ ဥတုရာသီကလည်း တရားရအောင် ကျေးဇူးပြုနေခြင်းဖြစ်တယ်။ ပြောင်းပြန်အားဖြင့် မမျှတတဲ့ ဥတုရာသီဖြစ်လို့ အပူတွေ အလွန် လွန်ကဲနေတယ်၊ အအေးတွေ လွန်ကဲနေတယ်ဆိုလို့ရှိရင်တော့ ဒီအအေးအပူတွေက နှိပ်စက်နေတဲ့အတွက်ကြောင့် သမာဓိမဖြစ်နိုင်တော့ပေ။ စိတ်အနှောင့်အယှက်တွေ ဖြစ်ဖြစ်လာတတ်တယ်။ သောကတွေ ဖြစ်လာတတ်တယ်။ အအေးအပူတွေ နှိပ်စက်လို့ စိတ်အနှောင့်အယှက်ဖြစ်နေရင် ဒေါသ ဒေါမနဿတွေ ဖြစ်နေလို့ရှိရင် သမာဓိမဖြစ်တော့ဘူး။ သမာဓိမှ မဖြစ်လို့ရှိရင်လည်း ဝိပဿနာဉာဏ်လည်း မဖြစ်တော့ပေ။

http://www.dhammadownload.com



ဘာကြောင့်ပါလဲ ... အပ္ပဒဏ်က ပြင်းထန်လို့ ဥတုက မကောင်းလို့ တရားမရနိုင်ဘူးဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ဥတုရာသီမျှတတဲ့ အရပ်ဒေသ၊ ဥတုရာသီမျှတတဲ့ အချိန်ကာလကို ရွေးချယ်ပြီးတော့ တရားနှာ ပရိသတ်များ အားထုတ်နေကြရတယ်။ ဤကဲ့သို့ အအေးအပူ မျှတတဲ့ ဥတုရာသီကို ရရှိထားတာလည်း မိမိတို့အတွက် တရားရကြောင်းပဲလို့ နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ် ဘုရား။ ဤကဲ့သို့ နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာနဲ့ အားထုတ်ကြဖို့ပဲ ဖြစ်ပေတယ်။

## ဘောဇနသပ္ပါယ၌ နှလုံးသွင်းပုံ

ဘောဇနသပ္ပါယ = သင့်လျော်လျောက်ပတ်တဲ့ ဘောဇဉ် အာဟာရကို မှီဝဲသုံးဆောင်နေရတာလည်း မိမိအတွက် တရားရဖို့ရာ အကြောင်းအထောက်အပံ့ကောင်းတစ်ခုပင် ဖြစ်ပေတယ်။ အဲဒီအာဟာရတွေကို မှီဝဲတိုင်း မှီဝဲတိုင်းလည်း "ဪ ... သင့်လျော်တဲ့ အာဟာရတွေ ရရှိနေတဲ့အခိုက်အတန့် ကြိုးကြိုးစားစား အားထုတ်မှတော်မယ်၊ သင်မမေ့နဲ့၊ သင်မပျင်းနဲ့"ဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။ နှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်း ကုသိုလ်တွေ ရရှိနေတယ်၊ ကုသိုလ်ဖြစ်ဖို့ရာ တရားရဖို့ရာ အားကြီးတဲ့အကြောင်းဖြစ်တယ်။

http://www.dhammadownload.com



**ဘောဇနမ္ဘိ ဥပနိဿယ ပစ္စယေနပစ္စယော။**

**ဘောဇနမ္ဘိ** = သင့်လျော်လျောက်ပတ်သော ဘောဇဉ်သည်လည်း အာဟာရသည်လည်း။ **ဥပနိဿယ ပစ္စယေန** = အားကြီးသော ပကတူပနိဿယပစ္စယသတ္တိဖြင့်၊ **ပစ္စယော** **ဥပကာရကော** = ကုသိုလ်ဖြစ်အောင်ကျေးဇူးပြုသည် (ဝါ) တရားရအောင် ကျေးဇူးပြုသည်၊ **ဟောတိ** ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဓ ါစ** = ကရုဏာ ရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါး ၊သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သင့်လျော်တဲ့ အာဟာရဘောဇဉ်တွေကလည်း တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေကို တရားရအောင် အားကြီးသောအကြောင်းဖြင့် ကျေးဇူးပြုနေတယ်ဟု သတိမထားရပါဘူးလား ... သတိထားရပါမယ်ဘုရား။ ဘောဇဉ်အာဟာရတွေ ညံ့သွားပြီ၊ မပြည့်စုံဘူးဆိုရင် တရားမရနိုင်တော့ပေ။ သမာဓိတောင် မဖြစ်တော့ပေ။ အာဟာရက မပြည့်စုံတော့ သမာဓိမဖြစ်ဘူး။ သမာဓိမဖြစ်ရင် ဝိပဿနာဉာဏ်လည်း မဖြစ်တော့ပေ။ ဝိပဿနာဉာဏ်မဖြစ်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်များကိုလည်း မရနိုင်တော့ပေ။

ဘဝါဘဝက ကုသိုလ်ပါရမီထူးတွေ ဆည်းပူးခဲ့လို့ တရားထူးတရားမြတ်ရထိုက်တဲ့ ပုဂ္ဂိုလ်များပင်လျှင် အာဟာရ

http://www.dhammadownload.com



မပြည့်စုံလို့ တရားမရတဲ့သာဓက မြတ်စွာဘုရားလက်ထက်တော် အခါက ရှိခဲ့ကြပါတယ်။

## ဘောဇဉ်မျှတမှ တရားရတဲ့သာဓက

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူပါသည်။ တစ်နေ့သောအခါမှာ ဝါဆိုခါနီးတွင် ရဟန်းတော်ခြောက်ကျိပ် (ခြောက်ဆယ်)တို့သည် မြတ်စွာဘုရားထံ လာရောက်ပြီးတော့ ကမ္မဋ္ဌာန်းတရားတွေ တောင်းယူကြတယ်။ တောင်းယူပြီးတော့ တရားအားထုတ်ဖို့ရာ နေရာရှာကြတယ်။ ဒေသစာရီကြွချီကြပါတယ်။ ကြွချီကြတဲ့အခါမှာ ကောသလတိုင်း၊ တောင်ခြေရွာကြီး တစ်ရွာသို့ ရောက်သွားကြပါတယ်။ ထိုရွာကို "မာတိကာရွာ" လို့ ခေါ်ကြပါတယ်။

မာတိကာရွာသို့ ရောက်သွားသည့်အခါ မြတ်စွာဘုရားထံမှ အလုပ်ပေးတရားတွေ နာယူခဲ့သည့် ပုဂ္ဂိုလ်တွေဖြစ်သည့်အားလျော်စွာ အမှတ်သတိနဲ့ ရွာထဲက ကြွသွားကြပါတယ်။ ကြွသွားတာကို အဲဒီမာတိကာရွာက သူကြီး၏မယ်တော်မြင်၍ ကြည်ညိုသွားတယ်။ ရွာနာမည်က မာတိကာဆိုတော့ ရွာသူကြီးကိုလည်း မာတိကာသူကြီးလို့ ခေါ်ကြတယ်။ သူကြီး၏ မယ်တော်ကိုလည်း မာတိကာမာတာလို့ ခေါ်ကြတယ်။

http://www.dhammadownload.com



မာတိကာမာတာ သူကြီးရဲ့မယ်တော်သည် ရဟန်းတော်များ အမှတ်သတိနဲ့ ကြွသွားတာကို မြင်ရတော့ ကြည်ညို၍ ယောက်ျားတစ်ယောက်ကို လွှတ်ပြီးတော့ ပင့်ခိုင်းလိုက်တယ်။ ပင့်ခိုင်း၍ အိမ်ရောက်လာတဲ့အခါ ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။ လှူဒါန်းပြီးတဲ့အခါ "အရှင်ဘုရားတို့ ... ဘယ်အရပ်ဒေသသို့ ကြွကြွမှာလဲဘုရား"ဟု လျှောက်ထားပါတယ်။ ရဟန်းတော်များက "သင့်လျော်တဲ့ အရပ်ဒေသသို့ သွားကြမယ်"ဟု ဆိုသဖြင့် ဘယ်အရပ်ဒေသသို့ မပါတော့ မာတိကာမာတာ ရိပ်မိတယ်။ "ဤရဟန်းတော်တွေ တရားအားထုတ်ဖို့ရာ နေရာရှာနေကြတာပဲ"ဟု ဒီလိုသိသွားတဲ့အခါကျတော့ "အရှင်ဘုရားတို့ ... ဒီလိုဆိုရင် တပည့်တော်တို့ရွာ တပည့်တော်တို့ကျောင်းမှာပဲ သီတင်းသုံးတော်မူကြပါဘုရား။ တပည့်တော်တို့လည်း စွမ်းနိုင်သလောက် ဆွမ်းခဲဖွယ်ဘောဇဉ်တွေ စီမံပြီးတော့ လှူဒါန်းပါမည်ဘုရား။ တပည့်တော်အတွက်လည်း သီလတွေဆောက်တည်လို့ ကုသိုလ်တရားတွေ ရရှိနိုင်ပါတယ်ဘုရား"ဟု လျှောက်ပါတယ်။

လျှောက်ထားလိုက်တဲ့အခါ ရဟန်းတော်တွေက တိတ်တိတ်ပဲ နေလိုက်ကြပါတယ်။ လက်ခံတဲ့ သဘောပါပဲ။ မာတိကာမာတာ ကျောင်းတွေပြင်ဆင်ပြီးတော့ ရဟန်းတော်တွေကို ပင့်သွားပြီး ကိုးကွယ်ထားပါတယ်။ ရဟန်းတော်တွေ ကြိုးကြိုးစားစား အားထုတ်ကြတဲ့အခါမှာ စပေါင်းပြီး အားထုတ်

http://www.dhammadownload.com



နေရင်တော့ တစ်ပါးနဲ့တစ်ပါး တွေ့လိုက်ဆုံလိုက်နဲ့ဖြစ်နေလို့ သမာဓိ တော်တော်နဲ့မဖြစ်နိုင်ပေ။

အဲဒီလို သိတော်မူကြပြီးလျှင် မထေရ်ကြီးတွေက အမိန့်ပေးတယ်။ "ဒီလို စုပေါင်းပြီး အားထုတ်နေလို့တော့ တရားတွေ တော်တော်နဲ့ ရကြမှာမဟုတ်ပေဘူး။ အလွန်အလေးဂရုပြုအပ်တဲ့ မြတ်စွာဘုရားထံက တရားတွေ တောင်းယူပြီးတော့ ပေါ့ပေါ့ဆဆ အားထုတ်နေလို့ မတော်ကြပေဘူး။ အသီးသီးနေရာယူပြီး တောထဲခွဲထဲသွားပြီး အားထုတ်ကြရမယ်"ဟု အမိန့်ပေးတဲ့ အတိုင်း တောထဲခွဲထဲသွားပြီး အားထုတ်ကြပါတယ်။ "အကြောင်းကိစ္စရှိတဲ့အခါ ကျောင်းထဲမှာရှိတဲ့ ကြေးစည်ခေါင်းလောင်းကို ထိုးကြပါ၊ ထိုးလိုက်ရင် အားလုံးကြွလာကြရမယ်"ဟု ကတိကဝတ်ထားပြီးတော့ အားထုတ်နေကြပါတယ်။

တစ်နေ့သောအခါ မာတိကာမာတာ ညနေဘက်မှာ ရဟန်းတော်တွေ ဘုဉ်းပေးဖို့ရာ စတုမဓု၊ ပျားရည်စသော ဆေးပစ္စည်းများ ယူဆောင်ပြီး အပေါင်းအဖော်တွေနဲ့ ကျောင်းသို့ လာခဲ့တယ်။ ကျောင်းမှာ ရဟန်းတော်တွေ တစ်ပါးမှမတွေ့ရတော့ မာတိကာမာတာ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။

"ရဟန်းတော်တွေ ဒီကျောင်းမှာမပြည့်စုံလို့ အရပ်တစ်ပါးသို့ ကြွသွားကြပြီထင်တယ်"ဟု ပြောကြားတဲ့အခါမှာ သိကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်များက "ဟုတ်မယ်မထင်ပါဘူး။ ရဟန်းတော်

http://www.dhammadownload.com



တွေ့ အသီးသီးနေရာယူပြီးတော့ တရားအားထုတ်နေကြပြန်တဲ့ပါတယ်။ ကြေးစည်ခေါင်းလောင်းထိုးလိုက်ရင် ကြွလာပါလိမ့်မယ်”ဟု ပြောသဖြင့် ကြေးစည်ခေါင်းလောင်း ထိုးလိုက်တဲ့အခါ ရဟန်းတော်တွေ အသီးသီးကြွလာပြီး စည်းဝေးရာအရပ်၌ စုဝေးကာ နေကြပါတယ်။ မာတိကာမာတာသည် ရဟန်းတော်များ ရှေ့သွားသို့ဝင်၍ လက်အုပ်ချီကာ လျှောက်ထားလိုက်ပါတယ်။

“အရှင်မြတ်တို့ဘုရား ... အရှင်ဘုရားတို့အချင်းချင်း မသင့်မတင့် ဖြစ်နေကြပါသလားဘုရား။ တပည့်တော်တို့အိမ်ကို ကြွလာတဲ့အခါ တညီတညွတ်တည်း တန်းစီပြီးတော့ ကြွလာကြပါတယ်ဘုရား။ အခုတော့ အရှင်ဘုရားတို့ တစ်ပါးစီ၊ တစ်ပါးစီ တခြားစီ၊ တခြားစီ ကြွလာတာကို မြင်ရပါတယ်ဘုရား”ဟု လျှောက်ထားလိုက်ပါတယ်။

ထိုအခါ ရဟန်းတော်များက “မသင့်မတင့်လို့ မဟုတ်ပါဘူး။ သင့်တင့်ညီညွတ်ကြပါတယ်။ အသီးသီးနေရာယူပြီးတော့ ရဟန်းတရား အားထုတ်နေလို့ တစ်ပါးစီ၊ တခြားစီ ကြွလာခြင်း ဖြစ်တယ်”လို့ မိန့်ကြားလိုက်တဲ့အခါ မာတိကာမာတာသည် ရဟန်းတရားလို့ ကြားသွားတာနဲ့ တရားအားထုတ်ချင်တဲ့စိတ်တွေ ဖြစ်လာပါတယ်။

“အရှင်ဘုရားတို့ ... ရဟန်းတရားဆိုတာ တပည့်တော်မတို့ အမျိုးသမီးများလည်း အားထုတ်လို့ မရပါဘူးလားဘုရား”

http://www.dhammadownload.com



ဟု လျှောက်ထားသဖြင့် ရဟန်းတော်များက "ရဟန်းတရား ဆိုတာ နာမည်ပါပဲ၊ အမျိုးသမီးများလည်း အားထုတ်လို့ရပါတယ်၊ အမျိုးသားများလည်း အားထုတ်လို့ရပါတယ်၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတွေအားလုံး အားထုတ်လို့ရကြပါတယ်"ဟု မိန့် ကြားလိုက်ပါတယ်။

"ဒီလိုဆိုလို့ရှိရင် တပည့်တော်မကို အရှင်ဘုရားတို့ အားထုတ်တဲ့ ရဟန်းတရား သင်ပေးပါဘုရား"ဟု လျှောက် ထားပါတယ်။ ရဟန်းတော်တွေက ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းနဲ့ အနိစ္စနုပဿနာကမ္မဋ္ဌာန်း သင်ပေးပါတယ်။ ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုရှုလို့ သမာဓိတွေ ဖြစ်လာသည့်အခါ အနိစ္စကို မြင်အောင်ရှုဖို့၊ ကုန်ပျက်တဲ့ဘက်သို့ စိတ်ကိုညွတ်၍ ကုန်ပျက် တာကို မြင်အောင်ရှုဖို့ ကမ္မဋ္ဌာန်းတရား ပေးလိုက်ပါတယ်။

ရှုမှတ်ပုံ နည်းမှန်လမ်းမှန်ကို ရရှိသွား၍ အိမ်ပြန်ပြီး သွားအားထုတ်ရာ မကြာခင်ရက်အတွင်းမှာပဲ သုံးမဂ်သုံးဖိုလ် အဆင့်ဆင့်တက်ပြီးတော့ အနာဂါမ်ဖြစ်သွားပါတယ်။ အနာဂါမ် ကလည်း သာမန်အနာဂါမ်မဟုတ်ပါဘဲ အဘိညာဉ်သမာပတ် ရတဲ့ အနာဂါမ်ဖြစ်သွားပါတယ်။ အနာဂါမ်ဖြစ်တယ်လို့ သိလိုက်တာနဲ့တစ်ပြိုင်နက် မာတိကာမာတာသည် သူကိုးကွယ် ထားသော ရဟန်းတော်တွေ ဘယ်တရားအဆင့်များ ရောက် နေကြပြီလဲဟု သူ၏အဘိညာဉ်ဖြင့် ကြည့်လိုက်တဲ့အခါ သမာဓိတောင် မဖြစ်ကြသေးတာကိုမြင်တော့ ရဟန်းတော်တွေ

http://www.dhammadownload.com



ဘာများချိုတဲ့နေကြလို့လဲဟု သူ့ဏ်အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့် ပြန်ပါတယ်။

အာဝါသသပ္ပါယဥ် ကျောင်းအိပ်ရာနေရာတွေ မပြည့် စုံ အဆင်မပြေလို့လား။ ဥတုသပ္ပါယဥ် ဥတုက မမျှတလို့ လား။ ပုဂ္ဂလသပ္ပါယဥ် ပုဂ္ဂိုလ်အချင်းချင်း မသင့်မတင့်လို့လား ဟု ဆင်ခြင်ကြည့်တယ်။ အဲဒါတွေထဲက တစ်ခုမှ မပြည့်စုံတာ မဟုတ်ဘူး။ အကုန်လုံး ပြည့်စုံညီညွတ်နေကြတယ်ဟု သိသွား ပါတယ်။

ဘောဇနသပ္ပါယကို ဆင်ခြင်ကြည့်လိုက်တဲ့အခါ ရဟန်းတော်တွေ ဘောဇနသပ္ပါယ မဖြစ်ပေဘူး။ လိုအပ်တဲ့ အာဟာရတွေ မပြည့်စုံတဲ့အတွက်ကြောင့် တရားမရတာကို မြင်သိပြီးလျှင် အိမ်မှာ အာဟာရအမျိုးမျိုးတွေကို စီမံတယ်။ ဘယ်ရဟန်းတော်က ဘယ်အာဟာရမျိုးနဲ့သင့်တယ်၊ ဘယ် ရဟန်းတော်က ဘယ်အာဟာရမျိုးနဲ့သင့်တယ်လို့ သူ့ရဲ့ အဘိညာဉ်နဲ့ ဆင်ခြင်ပြီးလျှင် အရသာအမျိုးမျိုးတွေ စီမံပြီး ရဟန်းတော်တွေကို အိမ်သို့ပင့်တယ်။ အိမ်ကိုကြွလာတဲ့အခါ ဆက်ကပ်ထားပြီးလျှင် "အရှင်ဘုရားတို့အလိုရှိတဲ့ အာဟာရ ဘောဇဉ်တွေကို မှီဝဲသုံးဆောင်ပါဘုရား"ဟု လျှောက်ထားပြီး ဆက်ကပ်လှူဒါန်းလိုက်တော့ မကြာမီရက်အတွင်းမှာပဲ သမာဓိ တွေဖြစ်ပြီး ရဟန္တာဖြစ်သွားကြပါတယ်။ အဲဒီလို ရဟန္တာဖြစ် သွားတဲ့သာဓကေ ထင်ရှားခဲ့ပါတယ်။

http://www.dhammadownload.com



အာဟာရဘောဇဉ်တွေ မပြည့်စုံခင်တုန်းကတော့ သမာဓိတောင် ဖြစ်ပါရဲ့လား ... မဖြစ်ပါဘုရား။ မဖြစ်ပေဘူး။ ပြည့်စုံသွားတဲ့အခါကျတော့ မကြာမီရက်အတွင်းမှာပဲ ရဟန္တာဖြစ်သွားကြပေတယ်။ ဝါကျွတ်တော့ ရဟန်းတော်များသည် မာတိကာမာတာကို ပန်ကြားပြီး မြတ်စွာဘုရားထံ ပြန်သွားကြတယ်။

မြတ်စွာဘုရားထံ ရောက်သွားသောအခါ မြတ်စွာဘုရားက နှုတ်ဆက်စကား မိန့်ကြားတော်မူပါတယ်။ "ချစ်သားရဟန်းတို့ ... သင်တို့ ဝါဆိုခဲ့တဲ့နေရာမှာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါရဲ့လား။ ဆွမ်းခံဖွယ်ဘောဇဉ်တွေ လုံလုံလောက်လောက် ရှိကြပါရဲ့လား"ဟု နှုတ်ဆက်စကား မိန့်ကြားတဲ့အခါ ရဟန်းတော်များက "ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်ခဲ့ပါတယ်ဘုရား"ဟု လျှောက်ထားကြပါတယ်။

"အထူးသဖြင့်တော့ မာတိကာမာတာဆိုတာ တပည့်တော်တို့ရဲ့ အလိုဆန္ဒကို သိနေသကဲ့သို့ပါပဲဘုရား။ အချိုလိုတဲ့အခါအချို၊ အချဉ်လိုတဲ့အခါအချဉ် မျှတအောင် အာဟာရတွေ စီမံလှူဒါန်းတဲ့အတွက်ကြောင့် တပည့်တော်တို့ တရားရခဲ့ပါတယ်ဘုရား"ဟု လျှောက်ထားကြပါတယ်။ မာတိကာမာတာ အဘိညာဉ် မရခင်တုန်းက ဆွမ်းခံဖွယ်ဘောဇဉ်က မမျှတတဲ့အတွက်ကြောင့် သင့်လျော်တဲ့အာဟာရကို မမှီဝဲရတဲ့အတွက်ကြောင့် ရဟန်းတော်တွေ သမာဓိတောင် ဖြစ်ကြပါရဲ့လား ... မဖြစ်ကြပါဘုရား။

http://www.dhammadownload.com



မာတိကာမာတာ အဘိညာဉ်ရပြီးတဲ့အခါ သင့်လျော်လျောက်ပတ်တဲ့ ဘောဇဉ်အာဟာရတွေ စီမံပြီး လှူဒါန်းလိုက်တော့ သမာဓိဉာဏ်တွေဖြစ်ပြီး တရားထူးတရားမြတ်တွေ ရသွားတဲ့ သာကေပါပဲ။ ဒါကြောင့် ဘောဇဉ်ကလည်း ဝိပဿနာတရား အားထုတ်နေတဲ့ အခိုက်အတန့်မှာ အထောက်အပံ့ကောင်းတစ်ခုပဲလို့ သိပြီးတော့ မျှတသင့်လျော်တဲ့ ဘောဇဉ်တွေ မှီဝဲသုံးဆောင်ရတဲ့အခါ သင်ကြိုးကြိုးစားစား အားထုတ်မယ်။ သင့်မှာ ဘောဇဉ်အထောက်အပံ့ကောင်း ရှိနေတာပဲဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။

## ပုဂ္ဂလသပ္ပါယနှ နှလုံးသွင်းပုံ

ပုဂ္ဂလသပ္ပါယကလည်း သိပ်အရေးကြီးပါတယ်။ ပုဂ္ဂလသပ္ပါယ ဖြစ်လို့ရှိရင် ညီညွတ်နေလို့ရှိရင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကြတယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာတာက သုခဖြစ်တယ်။ သုခကနေပြီးတော့ သမာဓိကို ကျေးဇူးပြုတယ်။ စိတ်ချမ်းသာမှ သမာဓိဖြစ်တယ်၊ စိတ်အနှောင့်အယှက် ဖြစ်နေရင် သမာဓိ မဖြစ်တော့ဘူး။ ရှိရင်းစွဲသမာဓိကလေးတောင် ပျက်ပျက်သွားတတ်ပါတယ်။

ဒါကြောင့် မိမိတို့နဲ့ စိတ်သဘောထားချင်းတူညီပြီး အမှတ်စိပ်စိပ်ကလေး မှတ်တတ်တဲ့၊ တစ်ဦးကိုတစ်ဦး ကျေးဇူးပြုနေတဲ့ ယောဂီပုဂ္ဂိုလ်များနဲ့ အတူတကွနေထိုင်၍ တရား

http://www.dhammadownload.com



အားထုတ်ရတာ ပုဂ္ဂလသပ္ပါယဖြစ်လို့ တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခုပါပဲ။

**ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေနပစ္စယော။**

**ပုဂ္ဂလောပိ** = သင့်လျော်လျောက်ပတ်သော ပုဂ္ဂိုလ်သည်လည်း။ **ဥပနိဿယပစ္စယေန** = အားကြီးသော ပကတူပနိဿယပစ္စယသတ္တိဖြင့်၊ **ပစ္စယောဥပကာရကော** = ကုသိုလ်ဖြစ်အောင်ကျေးဇူးပြုသည် (ဝါ) တရားရအောင် ကျေးဇူးပြုသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သင့်လျော်လျောက်ပတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတကွ နေထိုင်ပြီး ဝိပဿနာတရား အားထုတ်ရတာ အားကြီးသော ပကတူပနိဿယပစ္စယသတ္တိဖြင့် မိမိကုသိုလ်ဖြစ်အောင် တရားရအောင် ကျေးဇူးပြုနေတာဖြစ်တယ်။ ပကတူပနိဿယသတ္တိဆိုတာ အားကြီးတဲ့အကြောင်းပဲ။ ဒါကြောင့် တရားနာပရိသတ်များ ပုဂ္ဂလသပ္ပါယဖြစ်အောင်လည်း မနေကြရပါဘူးလား ... နေကြရပါတယ်ဘုရား။

သိပ်အရေးကြီးပါတယ်။ မိမိကြောင့် တစ်ပါးသော ယောဂီများ အမှတ်ကလေးတွေ မပျက်သွားပါစေနဲ့ဟု နလုံး

F 2A

http://www.dhammadownload.com



မသွင်းရပါဘူးလား ... နလုံးသွင်းရပါတယ်ဘုရား။ ဘယ်လိုပဲ စကားတွေ ပြောချင်ပြောချင် သူ့မှာ အမှတ်စိပ်စိပ် မှတ်နေတဲ့ အခိုက်အတန့် ပြောလို့ကောင်းမှကောင်းပါ့မလား ... မကောင်း ပါဘုရား။ ယောဂီတစ်ဦးက စကားပြောနေရင် "ဩော် ... ထိုယောဂီ အလိုက်လည်းမသိဘူး။ ကိုယ့်အမှတ်တွေ ပျက် ကုန်ပြီ"ဟု စိတ်နလုံးမသာမယာ မဖြစ်သွားတတ်ပါဘူးလား ... ဖြစ်သွားတတ်ပါတယ်ဘုရား။

ဓမ္မန္တရာယ် ဖြစ်ပေတယ်။ တစ်မှတ်သူ့မှာလျော့သွား ရင် တစ်မှတ်သူ့မှာ မနေးသွားပါဘူးလား ... နေးသွားတတ် ပါတယ်ဘုရား။ ဟုတ်တယ်၊ တစ်မှတ်နေးသွားတယ်၊ တစ်မှတ် သူ့မှာ အရိယာမဂ်နဲ့ လွဲသွားနိုင်တယ်၊ အရိယာမဂ်ခေါင်း ပြတ် သွားနိုင်တယ်။ အမှတ်လွတ်သွားတာနဲ့ အရိယာမဂ်ခေါင်း မပြတ်သွားနိုင်ပါဘူးလား ... ပြတ်သွားနိုင်ပါတယ်ဘုရား။ ဓမ္မန္တရာယ်ဖြစ်ပေတယ်။ သိပ်ပြီးတော့ သတိထားရပါတယ်။ သူ့မှာ အမှတ်စိပ်စိပ်ကလေး မှတ်ချင်တယ်၊ တရားကလည်း ရှေ့ကိုအင်မတန်ပဲ တက်ချင်နေတယ်၊ တက်လည်းတက်နေ တယ်။ ကိုယ့်ကြောင့် သူ့မှာ အမှတ်ကလေးတွေ မပျက်ပါစေနဲ့၊ သူချမ်းချမ်းသာသာနဲ့ တရားတွေ မြန်မြန်တက်ပါစေဟု နလုံး မသွင်းရပါဘူးလား ... နလုံးသွင်းရပါတယ်ဘုရား။

မိမိကြောင့် တစ်ပါးသောယောဂီများ အမှတ်တွေ မပျက်သွားပါစေနဲ့ဟု နလုံးသွင်းလိုက်လျှင် ကုသိုလ်ဖြစ်သလား။

http://www.dhammadownload.com



အကုသိုလ်ဖြစ်သလားဆိုတော့ ... ကုသိုလ်ဖြစ်ပါတယ်ဘုရား။ ဟုတ်တယ် ကုသိုလ်ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘူး မဆင်မခြင်နဲ့ ကိုယ်ပြောချင်ရာတွေ သွားပြောနေရင်တော့ နေရာကျပါ့မလား ... နေရာမကျပါဘုရား။ အထူးသတိထားရမယ်။ အများနဲ့ အားထုတ်နေရတဲ့အခိုက်မှာ တရားသဘောတောင်မှ မပြောပြ သင့်ပါဘူး။ တရားလေး နည်းနည်းကောင်းလာတော့ ယောဂီက တရားသဘောတွေ တော်တော်ပြောချင်တဲ့စိတ်တွေ ဖြစ်လာ တတ်တယ်၊ သည်းမခံရပါဘူးလား ... သည်းခံရပါတယ်ဘုရား။ မိမိသွားပြောလိုက်တဲ့အတွက်ကြောင့် ထိုယောဂီမှာလည်း အမှတ်တွေပျက်သွားနိုင်တယ်၊ မိမိမှာလည်း အမှတ်တွေပျက် သွားနိုင်တယ်။ မပြောမိအောင် သတိပြုဖို့ရာ သိပ်အရေးကြီး ပါတယ်။

တရားအားထုတ်တဲ့ အခိုက်အတန့်မှာ အမှတ်က အဓိက၊ ပြောစရာဆိုစရာတွေ ရှိပါသော်လည်း မပြောဘဲနဲ့ ဖြစ်နိုင်မယ်ဆိုရင် မပြောတာအကောင်းဆုံးပါပဲ။ ပုဂ္ဂလသပ္ပါယ ဖြစ်အောင် အတူတကွ အားထုတ်သူတွေအပေါ်မှာ အထူး မေတ္တာထားရပါမယ်။ သူတို့ တရားမြန်မြန်ရကြပါစေ၊ သူတို့ အမှတ်တွေ စိပ်စိပ်မှတ်နိုင်ကြပါစေဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။ အမှတ်စိပ်စိပ်ကလေး မှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကို အများက ကြည်ညိုကြပါတယ်၊ အများက ကြည်ညိုတော့ ပုဂ္ဂလသပ္ပါယ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ် ဘုရား။

http://www.dhammadownload.com



သဗြဟ္မစာရီနံ = သီတင်းသုံးဖော်တို့၏ (ဝါ) တရားအားထုတ်ဖက်ဖြစ်ကုန်သော ယောဂီတို့၏၊ အက္ခီနိ = မျက်စိ၌၊ သီတလဥ္ဇနံဝိယစ = အလွန်အေးမြသောမျက်စဉ်းကို ကွင်းထားသကဲ့သို့လည်းကောင်း၊ ဓာတုဂတစန္ဒနံဝိယစ = စန္ဒကူးနှစ်ကို ကွင်းထားသကဲ့သို့လည်းကောင်း၊ မနာပေါ = စိတ်နှလုံးကိုပွားစေသည်၊ ဟုတွာ = ဖြစ်၍၊ သုခံ = ချမ်းသာစွာ၊ ဝိဟာရတိ = နေရ၏ (ဝါ) နေ၍အားထုတ်နိုင်၏၊ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သွားတဲ့အခါမှာလည်းအမှတ်နဲ့၊ ရပ်တဲ့အခါမှာလည်းအမှတ်နဲ့၊ ထိုင်တဲ့အခါမှာလည်းအမှတ်နဲ့၊ လျောင်းတဲ့အခါမှာလည်းအမှတ်နဲ့၊ ကွေးတဲ့ဆန့်တဲ့အခါမှာလည်း အမှတ်နဲ့၊ စားတဲ့သောက်တဲ့ အမူအရာတွေမှာလည်းအမှတ်နဲ့၊ အမှတ်စိပ်စိပ်လေး မှတ်တတ်တဲ့ ယောဂီပုဂ္ဂိုလ်ကိုကြည့်ရတာ သီတင်းသုံးဖော်တွေ တရားအားထုတ်ဖော် အားထုတ်ဖက် ယောဂီတွေ၏မျက်စိတွင် အေးမြတဲ့ မျက်စဉ်းကွင်းထားသကဲ့သို့၊ စန္ဒကူးနှစ်များကွင်းထားသကဲ့သို့ အလွန်စိတ်နှလုံးတွေ ကြည်လင်စေ၏၊ စိတ်နှလုံးတွေ တိုးပွားစေ၏၊ ထို့ကြောင့် ထိုယောဂီ ချမ်းချမ်းသာသာ အားထုတ်နိုင်ပါစေဟု ဦးစားမပေးရပါဘူးလား ... ဦးစားပေးရပါတယ်ဘုရား။ ဟုတ်တယ် ဦးစားပေးရတယ်။

http://www.dhammadownload.com



အမှတ်စိပ်စိပ်ရှုမှတ်နေတော့ ကုသိုလ်တွေရပြီး ပုဂ္ဂလသပ္ပါယဖြစ်လို့ မိမိလည်း တရားတွေ့ တရားတက်ဖို့ရာ၊ ထိုယောဂီပုဂ္ဂိုလ်များလည်း တရားတွေ့ တရားတက်ဖို့ရာ ဖြစ်သဖြင့် အမှတ်စိပ်စိပ် မှတ်တတ်တဲ့ ယောဂီပုဂ္ဂိုလ်ကို အထူးဦးစားပေးပြီးတော့ သူ့ရဲ့စိတ်တွေ အနှောင့်အယှက်မဖြစ်အောင်၊ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်ရအောင် ကျေးဇူးမပြုရပါဘူးလား ... ကျေးဇူးပြုရပါတယ်ဘုရား။ ဟုတ်တယ်၊ ကျေးဇူးပြုရတယ်။ အများနဲ့စုပေါင်းပြီး နေထိုင်အားထုတ်ရတော့ ပုဂ္ဂလသပ္ပါယကလည်း သိပ်အရေးကြီးပါတယ်။ မိမိကြောင့် တစ်ပါးသောယောဂီတွေ အမှတ်မပျက်ပါစေနဲ့ဟု နှလုံးသွင်းလေး အမြဲမထားရပါဘူးလား ... နှလုံးသွင်းလေး အမြဲထားရပါတယ်ဘုရား။ အမြဲထားရပါတယ်။

## ဓမ္မဿဝနသပ္ပါယ အကျိုးများပုံ

ဓမ္မဿဝနသပ္ပါယ=တရားနာရတာလည်း ယောဂီတွေအတွက် တရားရကြောင်း အထောက်အပံ့ကောင်းတစ်ခုပါပဲ။ ကြားနာရသည့်တရားနှင့် မိမိတွေ့သိထားတဲ့တရား ကိုက်ညီသွားတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုးစားအားထုတ်လျှင် တရားတွေ မတိုးတက်သွားနိုင်ပါဘူးလား ... တိုးတက်သွားနိုင်ပါတယ်ဘုရား။ ယောဂီတွေ မကြာခဏ လျှောက်ထားကြတယ်၊ "တပည့်တော်ကို ဟောနေသလိုပါပဲဘုရား" ဟု လျှောက်ထားကြပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ ရှေ့သို့

http://www.dhammadownload.com



တအားတက်ပြီးတော့ တရားတွေအားထုတ်တော့ တရားတွေ မတိုးတက်သွားပါဘူးလား ... တိုးတက်သွားပါတယ်ဘုရား။ ဓမ္မဿဝနသပ္ပါယကလည်း အကျိုးများပါတယ်။ ဒါကြောင့် တရားလည်း နာကြရပါတယ်။

သဒ္ဓမ္မရံသီယောဂီတွေ တရားနာမပျင်းကြပါဘူး။ ပျင်း နေပြီလား ... မပျင်းပါဘုရား။ နေ့တိုင်းနေ့တိုင်း အလုပ်ပေး တရားတွေ ဣန္ဒြေထက်ကြောင်းတွေချည်းပဲ နာနေရတော့ တစ်ခါတစ်ခါလည်း ပျင်းများပျင်းနေပြီလားလို့ ဆရာတော် စိတ်ထဲမှာဖြစ်တယ် ... မပျင်းပါဘုရား။ ဆရာတော်ကမေး လိုက် ယောဂီများကဖြေလိုက်နဲ့ အားတက်သရောပဲ တရား နာနေကြတာ တွေ့ရပါတယ်။ တရားရကြောင်းပါပဲ၊ ဣန္ဒြေ ထက်ကြောင်း တရားတက်ကြောင်းပါပဲ။

ဓမ္မဿဝနသပ္ပါယကလည်း သိပ်အရေးကြီးပါတယ်။ ဝိပဿနာတရားအားထုတ်ခါစ ဝိပဿနာသမ္မာဒိဋ္ဌိကလေးက နုနုကလေးဖြစ်လို့ စိုက်ပျိုးခါစ သစ်ပင်ကလေးနဲ့တူတယ်။ စိုက်ပျိုးခါစ သစ်ပင်ကလေးကို ရေမလောင်းပေးရင် ဘာဖြစ် သွားမလဲ ... ညှိုးနွမ်းခြောက်သွေ့သွားပါမယ်ဘုရား။ ညှိုးနွမ်း ခြောက်သွေ့ပြီး သေလည်းသေသွားတတ်ပါတယ်။ တရား မနာရတော့ တရားတွေက ခက်ခဲနေတယ်၊ တရားတွေ တော်တော်နဲ့မတွေ့၊ တရားတွေ တော်တော်နဲ့မတက်တော့

http://www.dhammadownload.com



ယောဂီစိတ်ဓာတ်တွေကျပြီး မညှိုးနွမ်းသွားပါဘူးလား ... ညှိုးနွမ်းသွားပါမယ်ဘုရား။

မထူးတော့ပါဘူး ... ဒီဘဝတော့ တရားရနိုင်တော့မှာမဟုတ်ပါဘူး။ အိမ်ပြန်တော့မယ်ဆိုပြီး ပြန်ရင်တော့ သစ်ပင်လေး သေသွားတာနဲ့ မတူပါဘူးလား ... တူပါတယ်ဘုရား။ တရားနာပရိသတ်များ သေချင်ပါရဲ့လား ... မသေချင်ပါဘုရား။ အဲဒီတော့ တရားနာရမယ်ဆိုတဲ့ အဓိပ္ပါယ်မကျပါဘူးလား ... အဓိပ္ပါယ်ကျပါတယ်ဘုရား။ တရားများများနာ၍ ဗဟုသုတတွေရှိတော့ ရှုမှတ်တဲ့အခါမှာ နေရာတကျ အမှတ်စိပ်စိပ် ရှုမှတ်တတ်တော့ တရားတွေ တိုးတက်သွားနိုင်ပါတယ်။ ထို့ကြောင့်တရားနာရတာ အကျိုးများပါတယ်။

ဝိပဿနာယောဂီတွေအတွက် ဝိပဿနာတရား ရှုမှတ်ပုံကတော့ အဓိကပါပဲ။ ယခုတရားနာပရိသတ်များ ရှုမှတ်နေကြတာ တချို့လည်း တရားတွေ တော်တော်ထင်ထင်ရှားရှားတွေ့ကြတယ်။ တချို့လည်း သိပ်မထင်ရှားသေးပေဘူး။ ဒါကြောင့်ဝိပဿနာတရား အားထုတ်တဲ့အခါမှာ အဓိကအချက်တွေကိုမကြာခဏ ပြောကြားပေးရပါတယ်။

ဝိပဿနာတရား အားထုတ်တဲ့အခါမှာ ရှေးဦးစွာဘာအရေးကြီးဆုံးလဲဟုဆိုတော့ သတိကပ်ထားဖို့ အရေးကြီးဆုံးဖြစ်တယ်။ သတိကပ်ထားနိုင်မှ သမာဓိဖြစ်တယ်။ အတွေ့တွေ့

http://www.dhammadownload.com



ပြုလုပ်တဲ့အခါမှာ သတိမကပ်နိုင်လျှင် သမာဓိမဖြစ်ဘူး။ အထွေထွေပြုလုပ်ရမယ့်အချိန်တွေက အများကြီးပဲ၊ တရားထိုင်တဲ့အချိန်က ခုနစ်ချိန်ပဲရှိပါတယ်။ နှစ်ဆယ့်လေးနာရီမှာ ထိုင်တဲ့အချိန်က ဘယ်နှချိန်ပါလဲ ... ခုနစ်ချိန်ပါဘုရား။ ကျန်တဲ့အချိန်တွေမှာ အမှတ်မရှိဘူးဆိုရင် ထိုယောဂီပုဂ္ဂိုလ် တရားတွေ သိပ်ကြာသွားပါလိမ့်မယ်။ တရားတွေ ထူးထူးခြားခြား တော်တော်နဲ့ မတွေ့နိုင်ဘူး။ တွေ့ပြီးတဲ့ ယောဂီပုဂ္ဂိုလ်ကလည်း တရားတွေ ရှေ့ကို တော်တော်နဲ့ မတက်နိုင်ဘဲ ဖြစ်နေတတ်ပါတယ်။ ဘာကြောင့်လဲဆိုပါလျှင် အမှတ်တွေ လွတ်နေတဲ့အချိန်တွေက များနေလို့ပါပဲ။ မများနေပါဘူးလား ... များနေပါတယ်ဘုရား။

ဒါကြောင့် တရားအားထုတ်တဲ့အခါ သွားတဲ့အမူအရာ၊ ရပ်တဲ့အမူအရာ၊ ထိုင်တဲ့အမူအရာ၊ လျောင်းတဲ့အမူအရာ၊ ကွေးတဲ့အမူအရာ၊ ဆန့်တဲ့အမူအရာ၊ စားသောက်တဲ့အမူအရာစတဲ့ ကိုယ်အမူအရာ အမျိုးမျိုးတွေမှာ အမြဲတမ်း သတိကပ်ပေးရမယ်။ သတိကပ်ခါစတော့ အလွန်ခက်ခဲနေတာပါပဲ။ ကပ်လည်းမကပ်ဘူး နဂိုအတိုင်းလိုပါပဲလို့ ထင်နေရတယ်။ နောက်ကပ်ပါများလို့ သတိက ကပ်သွားပြီဆိုတော့ "သြော် ... အမှတ်ကလေးနဲ့ နေရထိုင်ရ လုပ်ရကိုင်ရတာ တယ်ဟုတ်ပါလား"ဟု ယောဂီကိုယ်တိုင် သိသွားပါတယ်၊ မဟုတ်ပါဘူးလား ... ဟုတ်ပါတယ်ဘုရား။

http://www.dhammadownload.com



သတိကပ်လို့ရတော့ သမာဓိမဖြစ်သွားပါဘူးလား ... သမာဓိဖြစ်သွားပါတယ်ဘုရား။ သမာဓိဖြစ်သွားရင် ယောဂီက အမှတ်နဲ့ နေတတ်သွားပြီဖြစ်လို့ တစ်ယောက်တည်းနေရတာ ချမ်းသာလိုက်တာ၊ ထိုင်ရထရတာလည်းချမ်းသာ၊ ကွေးရ ဆန့်ရတာလည်းချမ်းသာ။ အမှတ်ကလေးနဲ့ ထိုင်ရထရ၊ ကွေးရ ဆန့်ရတာ မချမ်းသာပါဘူးလား ... ချမ်းသာပါတယ်ဘုရား။ သတိကပ်လို့ရတော့ သမာဓိကဖြစ်သွားတယ်။ သမာဓိဖြစ်သွားတော့ ဝိပဿနာဉာဏ်လည်း နောက်က သူ့ဟာသူ အလိုလို ဆိုတာလို လိုက်ဖြစ်လာတာပါပဲ။ သမာဓိအား ကောင်းတာနဲ့ အမျှ ဝိပဿနာဉာဏ် ဖြစ်လာတော့တာပါပဲ။

"အဲဒီကိုယ်အမူအရာတွေကို မှတ်တဲ့အခါမှာ ဘယ်လို မှတ်ရမလဲဘုရား။" ဒါလေးလည်း အသေးစိတ် ညွှန်ကြားဖို့ လိုနေပါတယ်။ အထည်ဒြပ်ကြီးကိုပဲ မှတ်ရမလား။ ဘာကို မှတ်ရမလဲ ... အမူအရာလေးကိုပဲ မှတ်ရမယ်။ အမူအရာလေး ဆိုတာ သဘောတရားလေးပါပဲ။ သဘောတရားလေးဆိုတာ တစ်ဆင့်ပြောရရင် ပရမတ်ပါပဲ။ ရွေ့နေတဲ့ သဘောလေးတွေ ပါပဲ။ ထိုင်တယ်ဆိုရင်လည်း အောက်ကို ရွေ့ကျသွားတာ၊ ထတယ်ဆိုရင်လည်း အပေါ်ကို ရွှေ့တက်လာတာ၊ လျောင်းတယ် ဆိုရင်လည်း ဘေးကို ယိုင်ကျရွေ့သွားတာ၊ ကွေးတယ်ဆိုရင် လည်း ခန္ဓာကိုယ်ဘက်သို့ ရွေ့ရွေ့လာတာ၊ ဆန့်တယ်ဆိုရင် လည်း ခန္ဓာကိုယ်အပြင်ဘက်သို့ ခန္ဓာကိုယ်အောက်ပိုင်းသို့ ရွေ့ရွေ့သွားတာဖြစ်တယ်။

http://www.dhammadownload.com



ရွှေ့သွားတာလေးတွေကို မီအောင်မှတ်ကြရပါတယ်။ ရွှေ့တာလေးကို မီအောင်မှတ်လို့ ရသွားပြီဆိုရင် ယောဂီကိုယ်တိုင် သိလာမည်ဖြစ်ပါတယ်။ "သြော် ... တရားသဘောတွေက ဒီလိုပါလား"ဟု ပြောပြလို့တော့ မတတ်သေးဘူး။ တရားတွေ့နေပြီဆိုတာတော့ ယောဂီက မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။

တရွေ့ပြီးတရွေ့ ရွေ့နေတာကလည်း လေးပြီးတော့လည်း ရွေ့တယ်၊ ပေါ့ပြီးတော့လည်း ရွေ့တယ်၊ တွန်းပြီးတော့လည်း ရွေ့တယ်၊ ဆွဲပြီးတော့လည်း ရွေ့တယ်၊ ဒီလိုမတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ အဲဒီလောက်တွေ့ရင်ပဲ ယောဂီက သဘောတွေကျလို့ "သြော် ... အမှတ်နဲ့နေရတာဟုတ်လိုက်တာ၊"အဲဒီလိုသဘောကို သိသွားရင်တော့ ရှေ့သို့ တရားတက်ဖို့ရာ သိပ်မခက်တော့ပေဘူး။

**ခေါင်းစဉ်။ ။ သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။**

သဘောသိသွားရင် ဥဒယ = ဖြစ်၊ ဝယ = ပျက်ကို မြင်တော့မယ်၊ သဘောမှ မသိသေးပါဘဲနဲ့ ဝိပဿနာဆိုတာ ဖြစ်ပျက်ကို ရှုရတယ်လို့ ကြားဖူးနေတဲ့အတိုင်း ပညတ်အထည်ဒြပ်တွေကိုပင် ဟိုဟာလည်းဖြစ်ပျက်၊ ဒီဟာလည်းဖြစ်ပျက်ဟု လိုက်၍ရှုနေရင်တော့ တရားတွေ တွေ့မှတွေ့နိုင်ပါ့မလား ...

http://www.dhammadownload.com



မတွေ့နိုင်ပါဘုရား။ မှန်းဆဖြစ်ပျက်တွေဆိုတော့ သမာဓိတောင် ဖြစ်ဖို့ရာ မလွယ်ပေဘူး။

ထို့ကြောင့် သဘောသိအောင် ရှုနေတာလေးတွေကို ရှေးဦးစွာ မီအောင်မှတ်ကြည့်ရပါတယ်။ ရှုတာလေးတွေကို မီအောင် မှတ်တတ်ပြီဆိုရင် နောက်တော့ ရှုတာလေးတွေက ပေါ့ပေါ့ပြီးတော့လည်းရှုတာ၊ လေးလေးပြီးတော့လည်းရှုတာ၊ တွန်းပြီးတော့လည်းရှုတာ၊ ဆွဲပြီးတော့လည်းရှုတာများကို ယောဂီက တွေ့သွားရင် သဘောတွေ့ကျလို့ တရားစတွေ့သွားတယ်လို့ ဆိုရပါတယ်။ တရားစတွေ့ဖို့ရာက အစိကပဲဖြစ်တယ်။

**ဓမ္မောစ မင်္ဂလော လောကေ၊ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော။**
**ဓမ္မံ သရဏာ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**ဓမ္မောစ** = တရားတော်သည်လည်း၊ **လောကေ** = လောက၌၊ **မင်္ဂလော** = မကောင်းကျိုးတွေပျောက်၊ ကောင်းကျိုးတွေရောက်စေတတ်သော မင်္ဂလာတစ်ပါးပေတည်း။ **ဓမ္မော** = တရားသည်၊ **ဂမ္ဘီရော** = နက်နဲ၏၊ **ဒုဒ္ဒသော** = မြင်နိုင်ခဲ၏၊ **ဓမ္မံ** = ထိုနက်နဲသော မြင်နိုင်ခဲသောတရားကို၊ **သရဏံ** = ရှုမှတ်သောအားဖြင့်ကိုးကွယ်ရာကို၊ **အာဂမ္မ** = အကြောင်းပြု၍၊ **သဗ္ဗဒုက္ခာ** = ဆင်းရဲဟူသမျှမှ၊ **ပမုစ္စတိ** = လွတ်ရ၏၊ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

http://www.dhammadownload.com



လောကမှာ တရားတော်ဟာ မင်္ဂလာတစ်ပါးပါပဲ။ မကောင်းကျိုးတွေပျောက်၊ ကောင်းကျိုးတွေရောက်စေတတ်သော မင်္ဂလာတစ်ပါးပင် ဖြစ်ပေတယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေများ တရားကျင့်တဲ့ပုဂ္ဂိုလ်တွေများတော့ မချမ်းသာပါဘူးလား ... ချမ်းသာပါတယ်ဘုရား။ မင်္ဂလာတစ်ပါးပါပဲ။

ဓမ္မော = တရားသည်၊ ဂမ္ဘီရော = နက်နဲ၏၊ ဒုဒ္ဒသော = မြင်နိုင်ခဲ၏။ တရားဆိုတာ မြင်နိုင်ခဲပါတယ်။ မြတ်စွာဘုရားပွင့်တော်မူတဲ့အခါမှာမှ မြင်နိုင်တဲ့နည်းကို ရရှိကြတယ်။ သတိပဋ္ဌာန်နည်းဆိုတာ ဘုရားပွင့်တဲ့အခါကျမှသာ ဒီနည်းရှိတယ်၊ တရားကိုမြင်နိုင်တယ်။ ခန္ဓာကိုယ်ထဲက တရားသဘောတွေ ရုပ်တရားနာမ်တရားသဘောတွေ ပေါ်တာလေးတာတွေကို မြင်နိုင်ကြတယ်။ ဘုရားမပွင့်တဲ့အခါ သာသနာပအခါမှာ သတိပဋ္ဌာန်နည်း မရှိတဲ့အတွက်ကြောင့် မမြင်နိုင်ဘူး။ မြင်ဖို့ရာလွယ်ပါသလား။ ခက်ပါသလား ... ခက်ပါတယ်ဘုရား။

ဘုရားတစ်ဆူပွင့်ဖို့ရာမှာလည်း အလွန်ခဲယဉ်းတဲ့အတွက်ကြောင့် ဘုရားပွင့်လာတဲ့အခါမှသာ မြင်ရတဲ့နည်းဆိုတော့ မြင်နိုင်ခဲတယ်။ အခုတော့ တရားနာပရိသတ်များ နည်းမှန်လမ်းမှန်တွေ ရထားကြလို့ မြင်နေကြရတာဖြစ်တယ်။ ပေါ်သွားတာ၊ လေးသွားတာ၊ တွန်းတာ၊ ဆွဲတာတို့သည် တရားသဘောတွေပါပဲ။ ပေါ်တာက တေဇောနဲ့ဝါယောဓာတ်ကို တွေ့တာဖြစ်တယ်၊ တေဇောဆိုတာ အနိုးဓာတ် မီးဓာတ် အပေါ့ဓာတ်၊ ဝါယောဆိုတာ

http://www.dhammadownload.com



လေဓာတ် အပေါ့ဓာတ်ဖြစ်တယ်၊ လေးတာကိုတွေ့ရတာက ပထဝီနဲ့ အာပေါဓာတ်ကို တွေ့ရတာဖြစ်တယ်၊ ပထဝီက မြေဓာတ် အမာဓာတ် အလေးဓာတ်ဖြစ်တယ်၊ အာပေါက ရေဓာတ် အလေးဓာတ်ဖြစ်တယ်၊ တရားစမတွေ့ရပါဘူးလား ... တရားစတွေ့ရပါတယ်ဘုရား။ တရားစတွေ့ပြီဖြစ်တယ်။

ဂမ္ဘီရော = နက်နဲ၏၊ ဒုဒ္ဒသော = မြင်နိုင်ခဲ၏၊ မြင်နိုင်ခဲတဲ့တရားကို မြင်သွားတာပါပဲ။ ယောဂီက သဘောတွေကျလို့၊ ပေါ့ပေါ့သွားတာ၊ လေးလေးသွားတာမြင်တော့ သမာဓိက ဖြစ်နေတော့ အာရုံတစ်ပါးသို့ မသွားတော့ပေဘူး။

ဓမ္မံ = နက်နဲသော မြင်နိုင်ခဲသောတရားကို၊ သရဏံ = ရှုမှတ်သောအားဖြင့်ကိုးကွယ်ရာကို၊ အာဂမ္မ = အကြောင်းပြု၍၊ သဗ္ဗဒုက္ခာ = ဆင်းရဲဟူသမျှမှ၊ ပမုစ္စတိ = လွတ်ရ၏။ တရားမြင်သွားရင် ရှေ့ကိုတရားတွေ ဆက်မတက်သွားပါဘူးလား ... တက်သွားပါတယ်ဘုရား။ သဘောသိသွားပြီးတဲ့နောက်ပိုင်းမှာ "သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်" ဆိုသည့်အတိုင်း ဥဒယ=ဖြစ်၊ ဝယ=ပျက်ကို သိဖို့ရာ မဝေးလှတော့ပေ။

ဒီသဘောတရားလေးတွေက နောက်ပိုင်းကျတော့ သမာဓိဉာဏ်တွေ ရင့်ကျက်ထက်သန်လာတဲ့အခါ ပေါ့တာလေးက တစ်ခုဖြစ်ပြီးတော့ပျက်သွားပြီးမှ နောက်တစ်ခု

http://www.dhammadownload.com



ဖြစ်ပြီးတော့ပျက်တာကို တွေ့သိကြရပါတယ်။ ပေါ်ပြီးတာနဲ့ ပျောက် ပေါ်ပြီးတာနဲ့ ပျောက်သွားကြတယ်။ ပေါ်တာက=ဖြစ်၊ ပျောက်ပျောက်သွားတာက=ပျက်ပင်ဖြစ်ပါတယ်။

သဘောသိသွားရင် ပေါ်ပျောက်ကလေးတွေက ဝေးဝေးကြီး မဟုတ်တော့ပေ။ နီးနီးကလေးပဲဖြစ်တယ်။ ပေါ့တာကလည်း ပေါ်ပြီးတာနဲ့ပျောက် ပေါ်ပြီးတာနဲ့ပျောက်။ လေးတာကလည်း ပေါ်ပြီးတာနဲ့ပျောက် ပေါ်ပြီးတာနဲ့ ပျောက်ပင်ဖြစ်တယ်။ ပေါ်တာက=ဖြစ်၊ ပျောက်ပျောက်သွား တာက=ပျက်ပင်ဖြစ်တယ်။ ဖြစ်ပျက်မြင်သွားတော့ ယောဂီက သဘောတွေကျလို့ ဆက်ကာဆက်ကာ အားထုတ်လိုက်ရင် တရားထူးတရားမြတ်များ ရသည်အထိ တိုးတက်နိုင်ပေသည်။

ဖြစ်ပျက်မြင်ရမယ်လို့ ယောဂီက ကြားဖူးနေတော့ ဘယ်လိုများ မြင်ရပါ့မလဲ၊ ယောဂီစိတ်ထဲမှာ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ မြင်ချင်လို့ရှိရင် ဘယ်ကစရှုရမလဲ ဆိုတော့ သဘောကစပြီး သိအောင်ရှုရမယ်။ သဘောသိအောင် လည်း ရှေးဦးစွာ သမာဓိထူထောင်ရပါတယ်။ သမာဓိမှမရှိ ပါဘဲနှင့် သဘောကိုလည်း သိလို့မရပါဘူး။ ထို့ကြောင့် သမာဓိ ဖြစ်အောင် ရှေးဦးစွာ ထူထောင်ရမယ်ဟု ဆိုရခြင်းဖြစ်တယ်။

သမာဓိဖြစ်အောင် ဘယ်လိုထူထောင်ရမလဲ ... အမြဲတမ်း ခန္ဓာကိုယ်မှာ သတိကပ်ထားပါ။ အမှုအရာတိုင်း

http://www.dhammadownload.com



အမှုအရာတိုင်းမှာ မလွတ်အောင် သတိကပ်ကြည့်ပါ။ သတိကပ်ခါစတော့ ခက်နေပါသေးတယ်။ ကပ်ပါများတော့ နောက်ကပ်လို့ရသွားပြီဆိုတော့ သမာဓိဖြစ်သွားတာ ယောဂီများကိုယ်တိုင်ပဲ သိကြရပါတယ်။ သတိအားကောင်းတာနဲ့အမျှ သမာဓိတွေဖြစ်နေတော့ အမှတ်တွေဆက်ပြီး ယောဂီများတရားတွေ အဆင့်ဆင့် မတက်သွားပါဘူးလား ... တက်သွားပါတယ်ဘုရား။ ပေါ့တာ၊ လေးတာကို တွေ့ပြီးတဲ့နောက်မှာ ဖြစ်ပျက်ကို တွေ့သွားကြပါတယ်။ ပေါ့တာလည်း ပေါ်ပြီးတာနဲ့ ပျောက်သွားတယ်၊ လေးတာလည်း ပေါ်ပြီးတာနဲ့ ပျောက်သွားတယ်၊ ပေါ်တာက=ဖြစ်၊ ပျောက်ပျောက်သွားတာက=ပျက်ပင် ဖြစ်ပေတယ်။

**ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

**ယောစ** = အကြင်သူသည်လည်း။ **ဥဒယဗ္ဗယံ** = ရုပ်တရားနာမ်တရားနှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **အပဿံ-အပဿန္တော** = မမြင်မူ၍၊ **ဝဿသတံ** = အနှစ်တစ်ရာပတ်လုံး။ **ဇီဝေ** = အသက်ရှင်ရာ၏၊ **တတော** = ထိုရုပ်တရားနာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို မမြင်မူ၍ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေသောသူထက်၊ **ဥဒယဗ္ဗယံ** = ရုပ်တရားနာမ်တရားနှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **ပဿတော** = မြင်သောယောဂီပုဂ္ဂိုလ်၏၊ **ဧကာဟံ** = တစ်ရက်မျှ

http://www.dhammadownload.com



(ဝါ) တစ်ခဏမျှ ဇီဝိတံ = အသက်ရှင်နေရခြင်းသည်၊ သေယျော = မြတ်၏၊ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရေသွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် ဝိပဿနာတရားမရှုမှတ်လို့၊ ရှုပင်ရှုငြားသော်လည်း နည်းမှန်လမ်းမှန်မဟုတ်လို့ အမှတ်တွေပြည့်အောင် မမှတ်နိုင်လို့ မိမိခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားနာမ်တရားနှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို မမြင်ရပေဘူး။ အသက်ကတော့ ဘယ်လောက်ရှည်သွားသလဲဆိုတော့ အနှစ်တစ်ရာရှည်တယ်။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် မိမိခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားနာမ်တရားနှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို မြင်ရတယ်၊ အသက်ကတော့မရှည်ဘူး။ အကြောင်းအမျိုးမျိုးတွေကြောင့် တစ်ရက်လောက်ပဲရှည်တယ်၊ တစ်ခဏလောက်ပဲရှည်တယ်။

ထိုပုဂ္ဂိုလ်နှစ်ဦးတို့တွင် ဘယ်သူက ပိုပြီးမြတ်သလဲဆိုတော့ တစ်ခဏမျှ အသက်ရှည်တဲ့ပုဂ္ဂိုလ်က ပိုမြတ်တယ်။ ဥဒယဗ္ဗယ=ရုပ်တရားနာမ်တရားနှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောတွေကို မြင်ပြီးတော့ တစ်ရက်မျှ၊ တစ်ခဏမျှ အသက်

http://www.dhammadownload.com



ရှည်တဲ့ပုဂ္ဂိုလ်က ပိုမြတ်တယ်ဟု ဘယ်သူဟောပါသလဲ ... မြတ်စွာဘုရား ဟောကြားပါတယ်ဘုရား။

ဘာကြောင့်မြတ်ရသလဲ ... ဖြစ်ပျက်ကိုမြင်သော ထိုပုဂ္ဂိုလ်သည် တစ်နေ့သောအခါ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာသို့ မုချကေန် ရောက်တော့မှာဖြစ်တဲ့အတွက်ကြောင့် မမြတ်ပါဘူးလား ... မြတ်ပါတယ်ဘုရား။ မြတ်ပါတယ်။ ဒါကြောင့် ဖြစ်ပျက်ကို မြင်အောင်ရှုတတ်ဖို့ နည်းလမ်းတွေကို ညွှန်ပြပေးရပါတယ်။ အခုတော့ ဖြစ်ပျက်ကိုမြင်နိုင်တဲ့ နည်းလမ်းကလေးတွေကို ညွှန်ထားပြီး ဖြစ်ပေတယ်။

ရှေးဦးစွာ ကိုယ်အမူအရာကလေးတွေမှာ သတိကို ကပ်နိုင်သမျှ ကပ်ထားပါ။ ကပ်ထားလို့ရရင် သမာဓိဖြစ်လာ လိမ့်မယ်။ သမာဓိဖြစ်လာလျှင် အမူအရာလေးတွေမှာ ပေါ့သွား တာ၊ လေးသွားတာ၊ တွန်းတာ၊ ဆွဲတာလေးတွေကို သိမြင်လာ လိမ့်မယ်။ ပေါ့တာလေးတာ၊ တွန်းတာဆွဲတာလေးတွေက သဘောလေးတွေ ပရမတ်လေးတွေပဲဖြစ်တယ်။ ပရမတ်ကိုစပြီး မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။

ပရမတ်ကို တွေ့ပြီးတဲ့နောက်မှာ ဥဒယဗ္ဗယဆိုတာ ဘာမှမဝေးလှတော့ပါဘူး။ ဒါကြောင့်မို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက "သဘောသိမှု၊ ဥဒယ၊

http://www.dhammadownload.com



ဝယမြင်နိုင်သည်"လို့ ဆောင်ပုဒ်စီထားတာဖြစ်တယ်။ အင်မတန် သဘာဝကျတယ်။ လက်ကြီးက ဖြစ်ပြီးတော့ပျက် ဖြစ်ပြီးတော့ပျက်၊ ခန္ဓာကိုယ်ကြီးကလည်း အပိုင်းပိုင်းအစစ ဖြစ်ပြီးတော့ပျက်၊ ဖြစ်ပြီးတော့ပျက်သွားတာကို မြင်မှမြင်နိုင်ပါ့မလား ... မမြင်နိုင်ပါဘုရား။ အတုံးလိုက်အခဲလိုက်ကြီး ဖြစ်ပျက်တာ မရှိပေဘူး။ သဘောတွေသာ ဖြစ်ပျက်နေတာ ဖြစ်တယ်။

**ဆောင်ပုဒ်။ ။ ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မှချသိရမည်။**

"ဖြစ်ခိုက်"ဆိုတာ သွားခိုက်မှာ သွားတယ် သွားတယ်၊ ဘယ်လှမ်းတယ် ညာလှမ်းတယ် စသည်ဖြင့် ပစ္စုပ္ပန်တည့်အောင် ရှုမှတ်တာကို ဖြစ်ခိုက်လို့ ဆိုလိုရင်းအဓိပ္ပါယ်ဖြစ်တယ်။ ရပ်တဲ့အခါမှာလည်း ရပ်တဲ့အမူအရာတွေကို ပစ္စုပ္ပန်တည့်အောင်၊ ထိုင်တဲ့အခါမှာလည်း ထိုင်တဲ့အမူအရာတွေကို ပစ္စုပ္ပန်တည့်အောင်၊ လျောင်းတဲ့အခါမှာလည်း လျောင်းတဲ့အမူအရာတွေကို (တရွေ့ပြီးတရွေ့ ရွေ့သွားတဲ့ သဘောလေးတွေကို) ပစ္စုပ္ပန်တည့်အောင် ဖြစ်ခိုက်ကလေး ရှုနိုင်လို့ရှိရင် သဘာဝကို သိလာလိမ့်မယ်။

ဘာတွေသိပါမလဲ ... ပေါ့တဲ့၊ လေးတဲ့၊ တွန်းတဲ့၊ ဆွဲတဲ့ သဘောတွေ မသိရပါဘူးလား ... သိရပါတယ်ဘုရား။ ထိုင်ချလိုက်တဲ့အခါ လေးလေးကျသွားတာ၊ ထလိုက်တဲ့အခါ

http://www.dhammadownload.com



ပေါ့ပေါ့တက်သွားတာ၊ ကြွတဲ့အခါမှာလည်း ပေါ့ပေါ့တက်သွားတာ၊ လှမ်းတဲ့အခါမှာလည်း ပေါ့ပေါ့ပြီးရွေ့သွားတာ၊ နင်းချလိုက်တဲ့ အခါမှာလည်း လေးလေးကျသွားတာတွေကို သိရတာ ဘာကို တွေ့သိရသလဲ ... သဘာဝကို တွေ့သိရတာဖြစ်တယ်။

**ဆောင်ပုဒ်။ ။ သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။**

ပေါ့တဲ့လေးတဲ့ သဘောတွေသိပြီးမှ ဥဒယ=ဖြစ်၊ ဝယ=ပျက်ကို သိရမည် ဖြစ်ပေသည်။ ပေါ့တာလေးတွေကလည်း အဆင့်ဆင့် အဆင့်ဆင့်၊ လေးတာလေးတွေကလည်း အဆင့်ဆင့် အဆင့်ဆင့် တွေ့လာကြပါတယ်။ သမာဓိဉာဏ်တွေ ရင့်ကျက်လာတဲ့အခါ တစ်ဆင့်နဲ့တစ်ဆင့်ဟာ မဆက်စပ်တော့ဘဲ တစ်ဆင့် ဖြစ်ပြီးတော့ပျက်သွားပြီးမှ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်၊ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်သွားပြီးမှ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်သွားတာကို တွေ့သိကြပါတယ်။

ပေါ့တာလေးတာတွေက ကြားဖြတ်ကြားဖြတ်သွားတော့ ဖြစ်ပျက်တွေမဖြစ်သွားပါဘူးလား ... ဖြစ်ပျက်တွေဖြစ်သွား ပါတယ်ဘုရား။ အဝေးကြီးမဟုတ်ပါဘူး။ သဘောသိသွားပြီးတဲ့ နောက်ပိုင်းမှာ ယောဂီကိုယ်တိုင် ဖြစ်ပျက်ကို တွေ့သိသွားတာ ပါပဲ။ ဒါကြောင့် ဝိပဿနာရှုတဲ့အခါမှာ ရှေးဦးစွာ သမာဓိဖြစ် အောင် ရှုရပါတယ်၊ သမာဓိဖြစ်အောင်ရှုတဲ့အခါမှာလည်း သတိကို အမြဲတမ်း ကပ်ထားရပါတယ်၊ သတိကပ်ထားနိုင်မှ သမာဓိ ဖြစ်တယ်၊ သမာဓိဖြစ်မှ သဘောကိုသိနိုင်ကြပါတယ်။

http://www.dhammadownload.com



သတိန္ဒြေ=သတိအားကောင်းတာနဲ့အမျှ သမာဓိန္ဒြေ= စိတ်တည်ငြိမ်မှုတွေ ဖြစ်လာတယ်၊ သမာဓိအားကောင်းတာနဲ့ အမျှ ပညိန္ဒြေ=ဝိပဿနာဉာဏ်တွေ ဖြစ်လာတယ်၊ အဆင့်ဆင့်ပဲ ဖြစ်တယ်။ အထူးသတိထားဖို့ရာလေးတွေကို ဒီနေ့ ထပ်မံ ဟောကြားရတာ ဖြစ်ပါတယ်။ တရားနာရခြင်းအကျိုးတရားလေး ဟောကြားပြီးတော့ တရားအဆုံးသတ်ပါတော့မယ်။

ပဉ္စိမာနိ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ။
ဘိက္ခဝေ = သံသရာဘေးလာမည့်ရေးကို မျှော်တွေး ထောက်ဆသိမြင်ကြတဲ့ ဒို-ချစ်သား ချစ်သမီးတို့၊ ဓမ္မဿဝနေ = တရားတော်ကို နာကြားခြင်း၌၊ အာနိသံသာ = ရရှိအပ်သော အကျိုးအာနိသင်တို့သည်၊ ပဉ္စမေပဉ္စ = ဤငါးပါးတို့ပင်တည်း။

တရားနာတဲ့ပုဂ္ဂိုလ်များမှာ တရားနာရခြင်း အကျိုးတရား ငါးပါး ရရှိနိုင်တယ်လို့ မြတ်စွာဘုရား ရှေးဦးစွာ ဟောကြား ပါတယ်။ ကတမေပဉ္စ။ ပဉ္စ = ငါးပါးတို့သည်၊ ကတမေ = အဘယ်သည်တို့နည်း။ ငါးပါးသရုပ် အဖြေရှင်းရှင်း ထုတ်လိုတဲ့ အတွက်ကြောင့် မြတ်စွာဘုရား အမေးထုတ်တယ်။

## တရားနာရခြင်း အကျိုးငါးပါး

၁။ အဿုတံ သုဏာတိ။ အဿုတံ = မကြားနာရဖူးသေး သော တရားစကားကို၊ သုဏာတိ = ကြားနာရ၏။

http://www.dhammadownload.com



၂။ သုတံ ပရိယောဒါပေတိ။ သုတံ = ကြားနာပြီးသော တရားစကားကို၊ ပရိယောဒါပေတိ = ဖြူစင်စေ၏။

၃။ ကင်္ခံ ဝိတရတိ။ ကင်္ခံ = ယုံမှားသံသယကို၊ ဝိတရတိ = လွန်မြောက်စေ၏။

၄။ ဒိဋ္ဌိံ ဥဇုံ ကရောတိ။ ဒိဋ္ဌိံ = အယူလွဲအယူမှားကို၊ ဥဇုံ = ဖြောင့်စွာ၊ ကရောတိ = ပြုတတ်၏။

၅။ စိတ္တမဿ ပသီဒတိ။ အဿ = ထိုတရားနာသော ပုဂ္ဂိုလ်အား၊ စိတ္တံ = စိတ်သည်၊ ပသီဒတိ = ကြည်လင်၏။

ဘိက္ခဝေ = သံသရာဘေးလာမည့်ရေးကို၊ မျှော်တွေး ထောက်ဆ သိမြင်ကြတဲ့ ဒို-ချစ်သား ချစ်သမီးတို့၊ ဓမ္မဿဝနေ = တရားနာခြင်း၌၊ အာနိသံသာ = ရရှိအပ်သော အကျိုး အာနိသင်တို့သည်၊ ဣမေ = ဤ၊ ပဉ္စ = ငါးပါးတို့ ပင်တည်း။ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

အဿုတံ သုဏာတိ=မကြားနာရဖူးသေးသည့် တရား စကားကိုလည်း ကြားနာရတယ်။ သုတံ ပရိယောဒါပေတိ= ကြားနာဖူးသည့် တရားစကားများကိုလည်း ပို၍ ဖြူဖြူစင်စင်

http://www.dhammadownload.com



စင်စင်ကြယ်ကြယ် သိစေတယ်။ ကန် ဝိတရတိ=ယုံမှား သံသယတွေရှိလျှင်လည်း ပျောက်ကင်းသွားနိုင်ပါတယ်။

ယောဂီသည် တရားနည်းနည်းမြင့်လာတဲ့အခါ ယုံမှား သံသယလေးတွေ ဖြစ်လာတတ်ပါတယ်။ တရားရနိုင်တော့မှာ မဟုတ်ပါဘူး၊ တရားရနိုင်တော့မှာ မဟုတ်ပါဘူးဆိုတဲ့ သံသယ လေးတွေဝင်နေလို့ ရှေ့ကို တရားမတက်နိုင်တော့ဘူး။ တချို့ တချို့သောယောဂီတွေ တရားနာလိုက်ရတော့ ယုံမှားသံသယ တွေ ရှင်းသွား ပျောက်သွားပြီး ရှေ့သို့ တရားမတက်သွားပါ ဘူးလား ... တက်သွားပါတယ်ဘုရား။

တရားနာရတာ အကျိုးမများပါဘူးလား ... အကျိုး များပါတယ်ဘုရား။ အကျိုးများပါတယ်။ တချို့တချို့သော ယောဂီတွေ ဉာဏ်စဉ်က တော်တော်မြင့်နေပါသော်လည်း ဘဝါဘဝက အတိတ်ကအကြောင်းလေးတွေ ရှိနေတော့ ကြားထဲမှာ မကောင်းတဲ့ အကြံအစည်လေးတွေ ဝင်ဝင်လာ တတ်ပါတယ်။

"အရင်တုန်းကလည်း ဒီစိတ်ကူး ကြံစည်ခြင်းမျိုးတွေ မဝင်တတ်ပါဘူးဘုရား။ တပည့်တော် တရားရတော့မယ် မထင် ပါဘူးဘုရား။ တရားရှုမှတ်ရင်း သူတစ်ပါးကို ကြိမ်းမောင်းချင်တဲ့၊ ဆဲဆိုချင်တဲ့ စိတ်ကလေးတွေ ဝင်ဝင်လာတတ်ပါတယ်၊ ဘယ်လို ကြောင့်ပါလဲဘုရား"ဟူ၍ တချို့ယောဂီတွေ လျှောက်ထားကြ

http://www.dhammadownload.com



ပါတယ်။ ဤကဲ့သို့ ဖြစ်လာရှိလာတတ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟအကြမ်းတွေကို ဝိပဿနာက ပယ်လိုက်တော့ ဘဝါဘဝက ဝါသနာလေး အနုစားလေးတွေ မပေါ်လာတတ်ပါဘူးလား ... ပေါ်လာတတ်ပါတယ်ဘုရား။ သူကလည်း မှတ်စရာတစ်ခုပဲဖြစ်တယ်။ မမှတ်ရပါဘူးလား ... မှတ်ရပါမယ်ဘုရား။

စိတ်ကူးတယ်၊ ကြံစည်တယ်၊ ကြံမ်းမောင်းတယ်ဟူ၍ မှတ်ရပါတယ်။ အမှတ်ကမိသွားတာနဲ့ ပြတ်ပြတ်ထွက်သွားတာ ပျောက်ပျောက်ထွက်သွားတာပါပဲ။ နောက်တော့ မတိုးလာနိုင်တော့ပါဘူး။ ဝါသနာလေးတွေ ပေါ်လာတာဖြစ်တယ်။ တရားနာလိုက်တော့ မရှင်းသွားပါဘူးလား ... ရှင်းသွားပါတယ်ဘုရား။ တရားတော်တော်မြင့်တဲ့ ယောဂီတွေမှာ အဲဒီဝါသနာလေးတွေ ပေါ်ပေါ်လာတတ်တယ်။ ပြန်၍ရှုမှတ်ရပါတယ်။ ဝိပဿနာဆိုတာ အထက်မြက်ဆုံး လက်နက်တစ်ခုပါပဲ။ ရှုမှတ်လိုက်ရင် ပျက်ပျက်သွားတာတွေ့ရတော့ နောက်တော့ မပေါ်လာနိုင်တော့ပါဘူး။ နေရာမကျသွားပါဘူးလား ... နေရာကျသွားပါတယ်ဘုရား။

ဒိဋ္ဌိ ဥဒ္ဓုံ ကရောတိ=အယူလွဲအယူမှားတွေ ရှိလျှင်လည်း ဖြောင့်မှန်တဲ့အယူသို့ ရောက်သွားနိုင်တယ်။ စိတ္တမသာဒယတိ=တရားနာလိုက်တဲ့ ပုဂ္ဂိုလ်တွေမှာ စိတ်တွေကြည်လင်သွားတတ်တယ်။ အကြောင်းအမျိုးမျိုးကြောင့် စိတ်တွေမကြည်လင်တဲ့အခါ တရားနာကြားလိုက်လျှင် စိတ်မကြည်လင်သွားတတ်ပါဘူးလား ... ကြည်လင်သွားတတ်ပါတယ်ဘုရား။

http://www.dhammadownload.com



တရားဟောကောင်းတဲ့ ဓမ္မကထိကပုဂ္ဂိုလ်များရဲ့ တရားတွေကို နာကြားလိုက်သည့်အခါ စိတ်တွေကြည်လင်သွားတာ ထင်ရှား ပါတယ်။ ဒီအကျိုးတရားငါးပါး ရရှိနိုင်တယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ တရားနာရတာ အလွန်ကျေးဇူးများ ပါတယ်။

ဆောင်ပုဒ်။ ။ မကြားဖူးကြား၊ ကြားဖူးစင်ကြယ်၊
ယုံမှားဖွယ်ပျောက်၊ အယူဖြောင့်သူ၊
စိတ်ကြည်ဖြူပါ၊ တရားနာ၊
ငါးဖြာအကျိုးရသတည်း။

အယူဖြောင့်၍ တရားရသွားသောသာဓကကို တရားနာ ပရိသတ်များ ယောဂီဟောင်းများတော့ မကြာခဏ နာကြားနေ ရပါတယ်။ "နာဖူးထပ်မံ"ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ထပ်မံ၍ နာကြားရခြင်းဖြစ်ပေတယ်။ တရားနာပရိသတ်အသစ်များ ယောဂီ အသစ်များအတွက် ထပ်မံ၍ ဟောကြားပေးရပါတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ သောတာပန်ဖြစ်သည့် အနာထပိဏ်သူဌေးကြီးက နေ့စဉ်နံနက်အမျှ မြတ်စွာဘုရားကို နောက်လိုက်သံဃာများနဲ့တကွ အိမ်သို့ပင့်ပြီး ဆွမ်းကျွေးပါတယ်။ သူကိုယ်တိုင်လည်း အရပ်ထဲမှာရှိသည့် အလှူမလွှာပ်တွေမှာသွား၍ စီမံခန့်ခွဲရပါတယ်။ အိမ်မှာ

http://www.dhammadownload.com



ဆွမ်းကပ်သည့် အမှုကိစ္စများကို သမီးများနဲ့လွှဲထားရပါတယ်။ သမီးများကတော့ မြတ်စွာဘုရားထံက တရားတွေနာကြားရ၊ ဆရာတော် သံဃာတော်တွေထံမှ တရားတွေနာကြားရလို့ သောတာပန်၊ သကဒါဂါမ်စသည် ဖြစ်သွားကြပါတယ်။

အနာထပိဏ်သူဌေးကြီးမှာ သားတစ်ယောက်လည်း ရှိပါတယ်။ သားကတော့ မြတ်စွာဘုရားကို မရှိခိုးဘူး ဝေယျာဝစ္စလည်း မပြုဘူး။ သံဃာတော်တွေကိုလည်း မရှိခိုးဘူး ဝေယျာဝစ္စလည်းမပြုဘူး။ နေ့စဉ်နဲ့အမျှ အိမ်သို့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကြွလာတာကို အသိအမှတ် မပြုဘူး။ အဲဒီလို နေနေတာကို အနာထပိဏ်သူဌေးကြီး သိသွားတယ်။ သူ့နံမည်က မောင်ကာလလို့ခေါ်ပါတယ်။ မောင်ကာလတော့ခက်နေပြီ ဒိဋ္ဌိကလေး မဖြစ်နေပါဘူးလား ... ဒိဋ္ဌိကလေး ဖြစ်နေပါတယ် ဘုရား။

အယူလွဲအယူမှား ဒိဋ္ဌိကလေးဖြစ်နေတော့ အနာထပိဏ်သူဌေးကြီးက "ငါကဲ့သို့သော မြတ်စွာဘုရားရဲ့ တပည့်ရင်းတစ်ယောက်၏ သားတစ်ယောက်ဖြစ်ပါလျက် အပါယ်ငရဲသို့ ကျသွားလျှင် မသင့်တော်ပေဘူး။ ဒီကလေးကို ကောင်းတဲ့နည်းနဲ့ ဆွဲဆောင်မှပဲ"ဟူ၍ စိတ်ထဲက ကြံစည်၍ မောင်ကာလကို ခေါ်ပြီးလျှင် "မောင်ကာလ ... မင်းဒီနေ့ မြတ်စွာဘုရား ကျောင်းတော်သို့သွားပြီး ဥပုသ်စောင့်ပါ၊ တရားနာပါ၊ ဥပုသ်စောင့်ရာကပြန်လာလျှင် ငွေတစ်ရာပေးမယ်"ဟု ပြောပါတယ်။

http://www.dhammadownload.com



ငွေတစ်ရာဆိုတော့ ကလေးက မမက်ပါဘူးလား ... မက်ပါတယ် ဘုရား။

ငွေတစ်ရာ လိုချင်တာနဲ့ ကျောင်းမှာ ဥပုသ်သွားစောင့်ပါတယ်။ တရားလည်း မနာခဲ့ပါဘူး။ ရေးခေတ်ရေးအခါကတော့ ညတရားပွဲတွေ ရှိပါတယ်။ မောင်ကာလသည် သင့်တော်ရာနေရာမှာ အိပ်ပြီးတော့ အိမ်ပြန်လာပါတယ်။ အိမ်ပြန်ရောက်တော့ မောင်ကာလ ဥပုသ်စောင့်ခဲ့တယ်ဆိုပြီး စားဖွယ်သောက်ဖွယ်တွေ စီမံပြီး ကျွေးပါတယ်။ လူကတော့ စားပွဲရှေ့မှာ လာထိုင်နေပေမဲ့ စားဖွယ်သောက်ဖွယ်တွေကိုတော့ မစားပါဘူး။ မစားတော့ အနာထပိဏ်သူဌေးကြီးက တိုက်တွန်းပါတယ်။ "မောင်ကာလ ... ဥပုသ်စောင့်ထားလို့ ဆာနေပြီလေ ... စားပါတော့လား"ဟူ၍ တိုက်တွန်းပါတယ်။ မောင်ကာလက မစားပါဘူး။ "ငွေတစ်ရာ အရင်ပေးပြီးမှစားမယ်"ဟု ပြောတယ်။ သူဌေးကြီးက "မဟုတ်ပါဘူး။ ပေးပါ့မယ်"ဟုပြောပြီး ငွေတစ်ရာ ပေးလိုက်သောအခါမှ စားပါတော့တယ်။ မောင်ကာလ တရားရခဲ့ပါရဲ့လား ... မရခဲ့ပါဘုရား။ ဒီလောက် လောဘကြီးတဲ့ ပုဂ္ဂိုလ် တရားမရခဲ့ဘူးဆိုတာကို ဆုံးဖြတ်လို့ရပါတယ်။

သူဌေးကြီးက မောင်ကာလတော့ ငွေတစ်ရာသာ ယူလိုက်တယ်၊ တရားမရခဲ့ဘူးဆိုတာ သိသွားတယ်။ တရားရအောင်လုပ်ဦးမှပဲဟု ဆုံးဖြတ်ပြီး "မောင်ကာလ ... ဒီနေ့

http://www.dhammadownload.com



မြတ်စွာဘုရားထံသွား၍ တရားတစ်ပုဒ်ရအောင်နာခဲ့ပါ။ အိမ်မှာ လာပြန်ပြောပြ ဟောပြနိုင်လျှင် ငွေတစ်ထောင်ပေးမယ်"ဟု ပြောတယ်။ ဘယ်လောက်ပေးလိုက်ပါမလဲ ... ငွေတစ်ထောင် ပါဘုရား။ ရှေးခေတ်က ငွေတစ်ထောင်ဆိုတာ သိပ်တန်ဖိုး မြင့်တော့ မောင်ကာလက နေရာကျပြီဆိုပြီး မြတ်စွာဘုရား ဟောကြားတဲ့တရားပွဲမှာ တရားသွားနာပါတယ်။

မြတ်စွာဘုရား အားလုံးသိနေပါတယ်။ ယခင်နေ့က ငွေတစ်ရာရတဲ့အကြောင်းနဲ့ ယနေ့လည်း ငွေတစ်ထောင်လိုချင် လို့ တရားလာနာနေတဲ့အကြောင်းကိုသိတော့ တရားဟောတဲ့ အခါ မောင်ကာလ မှတ်မိတော့မည်ဆိုလျှင် ရှေ့တစ်ပုဒ်သို့ ရွှေ့ဟောလိုက်ပါတယ်။ နောက်တစ်ခါ မှတ်မိတော့မည်ဆိုလျှင် လည်း ရှေ့တစ်ပုဒ်သို့ ရွှေ့ဟောလိုက်ပါတယ်။ ရွှေ့ရွှေ့ပြီး ဟောတော့ မှတ်မိအောင် စူးစိုက်ပြီး နာလိုက်တာ ရှေ့တရားနဲ့ နောက်တရားတွေ ဆက်စပ်မိပြီး တရားတွေ သဘောပေါက်သွား ပါတယ်။ တရားသဘောပေါက်သွားတဲ့အခါမှာ မြတ်စွာဘုရားက ရှုနည်းမှတ်နည်းကလေးပါ ထည့်ဟောလိုက်တော့ ရှုမှတ်လိုက် တာ ... မောင်ကာလ သောတာပန်ဖြစ်သွားပါတယ်။ တရား နာရတာ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။

မြတ်စွာဘုရားထံက တရားဆိုတော့ ဟောမှုကပြည့်စုံ လို့ သောတာပန်ဖြစ်သွားပါတယ်။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ မြတ်စွာဘုရားနဲ့ သံဃာတော်အရှင်

http://www.dhammadownload.com



သူမြတ်တွေ အနာထပိဏ်သူဌေးကြီးအိမ်သို့ ဆွမ်းစားကြွလာသည့်အခါ မောင်ကာလသည် နောက်ကနေ၍ ကျောင်းသားတပည့်အနေနှင့် ရိုရိုသေသေ လိုက်ပါလာခဲ့ပါတယ်။ ယခင်နေ့တွေက သံဃာတော်တွေအနား မကပ်တဲ့ပုဂ္ဂိုလ် အခုတော့ ကျောင်းသားတပည့် ကပ္ပိယကလေးဖြစ်သွားတာကို သူဌေးကြီး မြင်သွားတော့ "ဒီကလေး ထူးဆန်းလိုက်တာ ... မြတ်စွာဘုရားနဲ့ သံဃာတော်တွေအနားကို ဘယ်တော့မှ မကပ်ခဲ့တဲ့ မောင်ကာလ အခုတော့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေအနားမှာ အနီးကပ် လိုက်ပါလာပြီ"ဟူ၍ စိတ်ထဲက ကြံစည်မိပါတယ်။ အိမ်ရောက်တော့ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို ဆွမ်းခဲဖွယ်ဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းပါတယ်။ မောင်ကာလကိုလည်း စားဖွယ်သောက်ဖွယ်တွေ ပြင်ဆင်ကျွေးပါတယ်။

မောင်ကာလစိတ်ထဲမှာ ဆုတောင်းနေပါတယ်။ "သူဌေးကြီးက မြတ်စွာဘုရား ရှေ့မှောက်၌ ငွေတစ်ထောင် မပေးပါစေလင့်။ ယခင်နေ့က ဥပုသ်စောင့်ခဲ့လို့ ငွေတစ်ရာ ပေးရတဲ့ အကြောင်းကိုလည်း မြတ်စွာဘုရားကို မလျှောက်ထားပါစေနှင့်" ဟု အကြံအစည်ဖြစ်ပြီး စားနေပါတယ်။ မောင်ကာလလည်း စားပြီးသည့်အခါ၊ မြတ်စွာဘုရားနှင့် သံဃာတော်တွေဘုဉ်းပေးပြီးသည့်အခါ သူဌေးကြီးက သတိရတာနဲ့ ငွေတစ်ထောင်ထုပ် ယူလာပြီးပေးတော့ မောင်ကာလက "မယူပါရစေနဲ့၊ မယူပါရစေနဲ့"ဟူ၍ ရှက်တဲ့အမူအရာနဲ့ ပြောနေတော့ သူဌေးကြီးက

http://www.dhammadownload.com



မြတ်စွာဘုရားကို လက်အုပ်ချီပြီး လျှောက်ထားပါတယ်။ "မြတ်စွာဘုရား ... ဒီကလေးဟာ ယခင်နေ့တွေက ဥပုသ်စောင့်ခဲ့လို့ ခဲဖွယ်ဘောဇဉ်တွေ ပြင်ကျွေးတာ မစားပါဘူးဘုရား။ ငွေတစ်ရာ အရင်ပေးမှ စားမယ်ဆိုလို့ ပေးရပါတယ်ဘုရား။ ဒီနေ့ ငွေတစ်ထောင်ပေးတာ မယူတော့ဘူးဘုရား။ ဘယ်လိုများ ပြောင်းလဲသွားသလဲဆိုတာ တပည့်တော် မသိနိုင်အောင် ဖြစ်မိပါတယ်ဘုရား"ဟူ၍ လျှောက်ထားပါတယ်။

ထိုအခါ မြတ်စွာဘုရားက "သူဌေးကြီး ... သင်၏ သားသန္တာန်မှာ သောတာပတ္တိဖိုလ်ဆိုတာ တည်ရှိသွားပြီ၊ မြေတစ်ပြင်လုံးကို အစိုးရတဲ့ စကြဝတေးမင်း စည်းစိမ်ထက် လည်း ပိုမြတ်တဲ့၊ နတ်ပြဟ္မာ စည်းစိမ်ထက်လည်း ပိုမြတ်တဲ့၊ တစ်လောကလုံးကို အစိုးရတဲ့ ပြဟ္မာကြီးတွေ၏ စည်းစိမ်ထက် ပိုမြတ်တဲ့ သောတာပတ္တိဖိုလ်ကို ရရှိထားတဲ့အတွက်ကြောင့် သင်ပေးတဲ့ငွေတစ်ထောင်ကို မယူချင်တော့တာဖြစ်တယ်"ဟူ၍ မိန့်ကြားတော်မူပါတယ်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိ ပစ္စေန၊ သောတာပတ္တိ ဖလံဝရံ။

ပထဗျာ ဧကရဇ္ဇေန = မြေတစ်ပြင်လုံးကို အစိုးရသည့် စကြဝတေးမင်း စည်းစိမ်ထက်လည်းကောင်း။ သဂ္ဂဿ ဂမနေနဝါ = နတ်ပြဟ္မာစည်းစိမ်ကို ရခြင်းထက်လည်းကောင်း။

http://www.dhammadownload.com



သဗ္ဗလောကာဓိ ပစ္စေနဝါ = အလုံးစုံသောလောကကို အစိုးရခြင်းထက်လည်းကောင်း၊ သောတာပတ္တိဖလံ = သောတာပတ္တိဖိုလ်သည်၊ ဝရံ = မြတ်လှပေ၏။ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရေ့ရွှေသွားပညာအား ဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သင်၏သားသန္တာန်မှာ ရရှိထားသည့် သောတာပတ္တိဖိုလ်သည် စကြဝတေးမင်း၏ စည်းစိမ်ထက်လည်းမြတ်တယ်။ နတ်ပြဟ္မာတို့၏ စည်းစိမ်ထက်လည်းမြတ်တယ်။ တစ်လောကလုံးကို အစိုးရသည့် ပြဟ္မာကြီးတွေ၏ စည်းစိမ်ထက်လည်း ပိုမြတ်တယ်။ အဲဒီစည်းစိမ်တွေက တရားထူးတရားမြတ် သောတာပန်အဖြစ်ကို မရောက်ထားပါဘဲနှင့် ရထားသော စည်းစိမ်တွေဆိုလျှင် အဲဒီစည်းစိမ်တွေ၏ ကောင်းမှုရှိန်တွေ ကုန်သွားသည့်အခါ အပါယ်ငရဲသို့ ပြန်မကျပါဘူးလား ... ပြန်ကျပါမယ်ဘုရား။

ထို့ကြောင့် "ပြဟ္မာပြည်မှာတဝင်းဝင်း။ ဝက်စာကျင်းမှာ တရှင်းရှင်း"ဟု ဆိုရိုးပြုကြပါတယ်။ သောတာပတ္တိမဂ်ဉာဏ်၊ သောတာပတ္တိဖိုလ်ဉာဏ်ကို ရရှိထားသောပုဂ္ဂိုလ်သည် အပါယ်သံသရာသို့ ဘယ်သောအခါမှ ပြန်မရောက်ရသည့်အတွက်ကြောင့် သောတာပတ္တိဖိုလ်က ပိုမြတ်တယ်။

http://www.dhammadownload.com



မောင်ကာလ အယူမဖြောင့်သွားပါဘူးလား ... အယူဖြောင့် သွားပါတယ်ဘုရား။ တရားနာရတာ အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။ အပါယ်တံခါး အပြီးတိုင်ပိတ်ပြီး နိဗ္ဗာန်ကိုမြင်သွားနိုင်လို့ အကျိုးများပါတယ်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ သပ္ပါယတရားငါးပါး တရားတော်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ်တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်သည့် နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။
သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်